


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# နိဗ္ဗာန်သွားနေတဲ့နာရီဝက်

ဟောကြားသည့်နေ့
၂၈-၂-၆၂

# ဗုဒ္ဓဘာသာများမှာ ကံ
# အားကိုးတာများတယ်

၁၇၅

ဟောကြားသည့်နေ့
၂၄-၂-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# (၁) နိဗ္ဗာန်သွားနေတဲ့နာရီဝက်

# (၂) ဗုဒ္ဓဘာသာများမှာကံအားကိုးတာများတယ်

ဟောကြားသည့်နေ့
(၂၈-၂-၁၉၆၂) (၂၄-၂-၁၉၆၂)

စာမူခွင့်ပြုချက် အမှတ် - ၂၅၅/၂၀၀၂ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၃/၂၀၀၂ (၆)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇွန်လ
တန်ဖိုး - (၅၀/-)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ဤတရားတော်သည် မန္တလေးမြို့ ဦးချစ်ဆွေ ဒေါ်မမ အိမ်တွင် ကျောင်းအမှတ်ဖြင့် သီတင်းသုံးနေစဉ်၊ နံနက်တိုင်း ဦးချစ်ဆွေ၊ ဒေါ်မမတို့နှစ်ဦးအား သီးခြားဆုံးမဟောကြားခဲ့သော နာရီဝက်တရားတော်များ ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး မန္တလေးမြို့တွင် (၂၈-၂-၆၂) နေ့၌ ဟောကြားခဲ့သော "နိဗ္ဗာန်သွားနေတဲ့ နာရီဝက်" တရားတော်နှင့် (၂၄-၂-၆၂) နေ့၌ဟောကြားခဲ့သော "ဗုဒ္ဓဘာသာများမှာ ကံအားကိုးတာများတယ်" တရားတော် နှစ်ပုဒ်ကို ပေါင်း၍ ထုတ်ထားခြင်းဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ၁။ နိဗ္ဗာန်သွားနေတဲ့နာရီဝက်

ဟောကြားသည့်နေ့ (၂၈-၂-၆၂)

ဒီနေ့တော့ သမ္မာဒိဋ္ဌိဖြစ်ပုံကို ရှင်းပြမယ်တဲ့၊ သမ္မာဒိဋ္ဌိဖြစ်ပုံကိုရှင်းပြမယ်၊ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိဆိုတာက သမ္မာက-မှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ အမှန်မြင်တာကို ဆိုသည်လို့ မှတ်ထားကြပါ။

## အမှန်မြင်ဆိုတာ

အမှန်မြင်-အမှန်မြင် ဆိုတဲ့ဥစ္စာက အရေးအကြီးဆုံး အချက်က ပုဂ္ဂိုလ်သတ္တဝါ ပျောက်ပြီးသကာလ၊ အမှန်စိတ်ကလေးဖြစ်ပြီး စိတ်ကလေး၏ဖြစ်မှုမြင်တာ စိတ်ကလေးပေါ်လာပြီ၊ စိတ်ကလေးပျက်သွားပြီ။

ဒီထဲ မောင်ချစ်ဆွေတို့ အစ်မတို့က စဉ်းစားလိုက်တော့၊ ဩော်. . စိတ်ကလေးဖြစ်၍ စိတ်ကလေးပျက်တာပဲရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ဒီထဲ ထိုးလို့ကိုမရဘူး၊ ဒီထဲ ပုဂ္ဂိုလ်သတ္တဝါထိုးလို့ ရသေးလား (မရပါဘူးဘုရား)၊ အဲဒါအမှန်မြင်လို့ မှတ်လိုက်စမ်းပါ (တင်ပါ့ဘုရား)။

## အရိယာတို့၏တပည့်သား

ပုဂ္ဂိုလ်သတ္တဝါမဝင်နိုင်တော့ဘူးတဲ့ ဒါလေးဟာ၊ နောက် စိတ်ကလေးလာပြန်လည်း ဩော်-ဖြစ်ပြန်ပြီ၊ ဩော် ပျက်ပြန်ပြီ၊ အဲဒီ ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ ဆိုတဲ့ အနိစ္စမြင်လို့ ရှိရင်ဖြင့်တဲ့ မင်းတို့ အရိယာတို့၏ တပည့်သားမျက်လုံး မှန်မှန် ကန်ကန်ရပြီလို့ ဆုံးဖြတ်ချက်ချပါ။

ဒီရလိုက်တဲ့အမြင်လေးဟာလည်း သမ္မာဒိဋ္ဌိ ဖြစ်သွားတယ်၊ ဩော်- ပုဂ္ဂိုလ် သတ္တဝါ ပျောက်ပြီးသကာလ ဘယ်ဟာကြည့်လိုက် ကြည့်လိုက်၊ ရုပ်ကြည့်လိုက်လည်း ဖြစ်မှု ပျက်မှု၊ စိတ်ကြည့်လိုက်လည်း ဖြစ်မှုပျက်မှု၊ ဝေဒနာကြည့်လိုက်လည်းဖြစ်မှုပျက်မှု၊ အင်း အစ်မတို့ ဒီလိုအားထုတ်နေရင် ပုဂ္ဂိုလ်သတ္တဝါကို ရှာမတွေ့ပါဘူး။

## သမ္မာဒိဋ္ဌိအမြင်

ယောက်ျားလည်းရှာမတွေ့ပါဘူး၊ မိန်းမလည်းရှာမတွေ့ပါဘူး၊ တွေ့သေးလား (မတွေ့ပါဘူးဘုရား၊ ဖြစ်မှု၊ ပျက်မှုဆိုတာ သိပါပြီ ဘုရား) အဲဒါတွေ့လိုက်တော့ ဒီအမြင်ဟာ ဘာအမြင် ပါလိမ့်မတုံးဆိုတော့၊ မိမိဉာဏ်ကလေးကို သမ္မာဒိဋ္ဌိလို့ မှတ်လိုက်ပါ။

မိမိမြင်တဲ့ ဉာဏ်လေးကို ဘာဆိုကြမတုံး (သမ္မာဒိဋ္ဌိလို့ ဆိုပါမယ်ဘုရား)၊ သမ္မာဒိဋ္ဌိလို့ ဒကာ ဒကာမတွေက မှတ်လိုက်ကြစမ်းပါ။

ဩော် သမ္မာဒိဋ္ဌိဖြစ်ဖို့ရာဟာ ပုဂ္ဂိုလ်သတ္တဝါပျောက်ပြီး သ ကာလ၊ ရုပ်နမ်တို့၏ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကို ဖြစ်မှုပျက်မှု တွေ့မှသာလျှင်၊ ဩော် သမ္မာဒိဋ္ဌိဖြစ်ပါလား ဆိုတဲ့ဥစ္စာကို သေချာမှတ်ထားပါ (တင်ပါဘုရား)။

ဒါဖြင့် ဖြစ်မှုတွေ့လည်းသမ္မာဒိဋ္ဌိပဲ၊ ပျက်မှုတွေ့လည်း (သမ္မာဒိဋ္ဌိပါဘုရား) ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီလောက်တောင် အရေးတကြီး ဒီဒကာ ဒကာမတွေ သမ္မာဒိဋ္ဌိကို အကြီးအကျယ်ကြီး ဒါမဂ်မျက်လုံးလို့ ပြောနေပါလိမ့် မတုံး၊ သမ္မာဒိဋ္ဌိမဂ်မျက်လုံး (တင်ပါဘုရား)။

## မဂ်မျက်လုံးရတာ

သမ္မာဒိဋ္ဌိဆိုတာဘာပါလိမ့် (မဂ်မျက်လုံးပါဘုရား) အခု ဒကာ ဒကာမတွေ မဂ်မျက်လုံးရပြီလို့ ဟောနေတာပါ၊ ဟုတ်တယ်တဲ့ မဂ်မျက်လုံးရတာတဲ့၊ သမ္မာက အမှန်အကန်၊ ဒိဋ္ဌိကမြင်တာ ၊ အမှန်အကန်မြင်တဲ့မျက်လုံးဟာ မဂ်မျက်လုံးပဲ။

ဒီဟာ မဂ်မျက်လုံးလို့ ဆရာဘုန်းကြီးကအမည်တပ်လိုက်ခြင်း၊ ဘုရားကအမည်တပ်လိုက်ခြင်းသည် ဒီမျက်လုံးဟာ သဿတဒိဋ္ဌိကိုလည်း သေစေ ကြေစေတယ် ဒီမျက်လုံးကပဲ သတ်ပစ်လိုက်တာ။

## ဒိဋ္ဌိသတ်တဲ့မျက်လုံး

ဉစ္ဆေဒဒိဋ္ဌိကိုလည်း ဒီမျက်လုံးကပဲ သတ်ပစ်လိုက်တာ (တင်ပါဘုရား)ဒိဋ္ဌိသတ်တဲ့မျက်လုံးဖြစ်လေသောကြောင့် ဒါမဂ်မျက်လုံးမှတ်လိုက်ပါ (တင်ပါဘုရား) ဒိဋ္ဌိသတ်တဲ့မျက်လုံး ဖြစ်လေသောကြောင့် (မဂ်မျက်လုံးပါဘုရား)။

ဒါဖြင့် မိစ္ဆာဒိဋ္ဌိနှစ်ခုကို သတ်နိုင်တဲ့မျက်လုံးဖြစ်လေသောကြောင့် သမ္မာဒိဋ္ဌိမျက်လုံး (ဝါ) မဂ်မျက်လုံး (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဪ ဒါဖြင့် ဒီမျက်လုံးရဖို့ရာ ဝိပဿနာဉာဏ်ဦးမတည့်တဲ့ ပုဂ္ဂိုလ်များ အဖြစ်ကိုလည်း ဦးမတည့်ပါဘူး၊ ဉာဏ်လေးနဲ့

အပျက်ကိုလည်း ဦးမတည့်ဖြစ်တဲ့ ပုဂ္ဂိုလ်များမှာဖြင့်၊ မောင်ချစ်ဆွေတို့ အစ်မတို့ စဉ်းစားကြည့်ပါ မဂ်မျက်လုံးကို မရပါဘူး (မရပါ ဘုရား)။

မဂ်မျက်လုံးမရရင် အရိယာတို့၏မျက်လုံးကိုမရဘူး၊ ပုထုဇဉ်မျက်လုံးမျိုးဖြစ်နေမှာပဲ၊ ပုထုဇဉ်မျက်လုံးမျိုးဖြစ်နေရင် လည်း အဖြစ်လည်းမပါဘူး၊ အပျက်လည်းမပါဘူး၊ ယောကျ်ား၊ မိန်းမ၊ ခွေး၊ ကြောင် ဒါဖြစ်နေမှာပဲ၊ ပုဂ္ဂိုလ်သတ္တဝါချည်းပေါ်နေ မှာပဲ (တင်ပါဘုရား)

မဂ်မျက်လုံးမရရင် (ပုဂ္ဂိုလ်သတ္တဝါချည်းပေါ်နေမှာ ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါချည်းပေါ်နေမယ်။ မဂ်မျက်လုံး လည်း ပေါ်လိုက်ပါရောအဖြစ်လည်း ဩော် ဖြစ်တက်တဲ့သဘော ဖြစ်တာပဲ၊ ဖြစ်ပြီးရင်ပျက်တတ်တဲ့သဘောမို့ ပျက်သွားတာပဲ၊ ဒါလေး မောင်ချစ်ဆွေတို့အစ်မတို့က မြင်လိုက်ပြီဆိုမှဖြင့် မဂ်မျက်လုံး၊ စာလိုသုံးတော့ သမ္မာဒိဋ္ဌိ။

## ပုထုဇဉ်မှာမိစ္ဆာဒိဋ္ဌိမျက်လုံး

သမ္မာဒိဋ္ဌိဆိုကတည်းက အစ်မ စဉ်းစားတော့၊ ဩော် မိစ္ဆာဒိဋ္ဌိသေလို့ သမ္မာဒိဋ္ဌိမျက်လုံးပေါ်လာတာကို၊ နဂိုက ပုထုဇဉ် သန္တာန်မှာ မိစ္ဆာဒိဋ္ဌိမျက်လုံးပဲရှိတယ် (တင်ပါဘုရား)။

နဂိုက ပုထုဇဉ်သန္တာန်မှာ (မိစ္ဆာဒိဋ္ဌိမျက်လုံးပဲရှိပါတယ် ဘုရား) အဲဒါ အဖြစ်ကိုလည်း မြင်လိုက်၊ အပျက်ကိုလည်းမြင်လိုက်တဲ့အတွက်တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သမ္မာဒိဋ္ဌိမျက်လုံးဖြစ်သွားတော့၊ နဂိုပင်ရင်းရှိတဲ့ မွေးကတည်းက ပါလာတဲ့ ပုဂ္ဂိုလ်သတ္တဝါ ထင်နေတဲ့မျက်လုံး။

ယောက်ျားထင်နေတဲ့ မျက်လုံး၊ မိန်းမထင်နေတဲ့ မျက်လုံး၊ သားသမီးထင်နေတဲ့မျက်လုံး၊ ဒီမျက်လုံးဟာ ဒီစခန်းထဲ ဝင်မလာတော့ဘူး၊ မိစ္ဆာဒိဋ္ဌိမျက်လုံး ဝင်လာသေးရဲ့လား (မဝင်လာတော့ပါဘူး)။

မိစ္ဆာဒိဋ္ဌိ မျက်လုံးမဝင်လာတော့ ဒါသမ္မာဒိဋ္ဌိမျက်လုံး (ဝါ) မဂ်မျက်လုံး ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

## သာမညမျက်လုံးမဟုတ်ဘူး

ကောင်းပြီ ဒါနဲ့ သမ္မာဒိဋ္ဌိမျက်လုံးဖြစ်တာကို၊ ဘုန်းကြီးက အသားယူပြီးသကာလ လေးလေးနက်နက် ပြောနေတာက၊ ဘုရားကိုယ်က မင်း ဒီမျက်လုံးသာမည မျက်လုံးလို့ မင်းက ဒအောက်မေ့မနေနဲ့လို့ ဘုန်းကြီးကလည်းဆုံးမထားတယ်။

သဿတဒိဋ္ဌိကိုလည်း ဒီမျက်လုံးနဲ့ သတ်ပစ်တယ်ကွ (တင်ပါဘုရား) ဥစ္ဆေဒဒိဋ္ဌိကိုလည်း(ဒီမျက်လုံးကသတ်ပစ်ပါတယ်

ဘုရား) ဒီမျက်လုံးကသတ်ပစ်တော့ ဒီမျက်လုံးဟာ သဿတ-ဥစ္ဆေဒကြားထဲမှာလာတဲ့မျက်လုံး အင်မတန် အဖိုးတန်ပါတယ်။

## မဇ္ဈိမပဋိပဒါအကျင့်

ဘယ်ကြားထဲကလာတဲ့ မျက်လုံးပါလိမ့် (သဿတ ဥစ္ဆေဒ ကြားထဲကလာတဲ့ မျက်လုံးပါဘုရား) ဒါဖြင့် မဇ္ဈိမပဋိပဒါ အကျင့် မှန်ပြီ (တင်ပါဘုရား) နိဗ္ဗာန်ရောက်တဲ့အကျင့်မှန်သွားပြီ၊ (မှန်ပါတယ်ဘုရား)။

**မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ ဆိုတဲ့ အတိုင်း** ဘုရားက တထာဂတေန-ဘုရားသခင်သည်၊ အဘိ သမ္ဗုဒ္ဓါ-ထိုးထွင်း၍ သိတယ်၊ ဘာတုံး မဇ္ဈိမပဋိပဒါတဲ့ (တင်ပါ)။

အင်း သဿတ ဥစ္ဆေဒကြားထဲမှာရှိတဲ့မျက်လုံးနဲ့သူမြင်တာတဲ့ (တင်ပါဘုရား)၊ ငါသည် ဘယ်မျက်လုံးနဲ့ သမ္မာဒိဋ္ဌိ အယူမှန်အမြင်မှန်ရပါလိမ့်မတုံးဆို၊ မဇ္ဈိမပဋိပဒါမျက်လုံးနဲ့ငါရလာတာကွ။

## မဇ္ဈိမပဋိပဒါမျက်လုံး

မဇ္ဈိမပဋိပဒါမျက်လုံးနဲ့ဆိုတော့ သဿတအမြင်ကိုလည်း ငါမမြင်၊ ဥစ္ဆေဒအမြင်ကိုလည်းငါမမြင်ဘဲနဲ့ အလယ် သဿတ ဥစ္ဆေဒကြားထဲမှာ အမြင်မျက်လုံးငါရတာ (တင်ပါဘုရား)။

ဒါကြောင့် ငါ့ "အဘိသမ္ဗုဒ္ဓါ" ဖြစ်တာ၊ အဘိ-အလွန်၊ သမ္ဗုဒ္ဓါက-ထိုးထွင်းသိတာ၊ ထိုးထွင်းသိတဲ့အသိဟာ သဿတ ဉစ္ဆေဒနှစ်ခုစလုံးဖယ်ရှားပြီးသကာလ အမှန်မြင်တဲ့ထိုးထွင်း သိပါလားဆိုပြီး ငါ့ကိုယ်ငါလည်း တထာဂတေန အဘိသမ္ဗုဒ္ဓါ။

စက္ခု ကရဏီ၊ ဉာဏကရဏီ၊ ဩော် ဉာဏ်အမြင်နဲ့ ပြုလို့ ပြီးစေ၏ အဘိညာယ-ဒါထိုးထွင်းသိကွတဲ့၊ မင်းတို့ ဒီဉစ္စာ မွေးကတည်းက ပါတာလို့ယူမထားနဲ့တဲ့၊ သမ္ဗောဓါယ-သစ္စာ ကိုသိလိုက်တာကွတဲ့ (တင်ပါဘုရား)။

## သစ္စာသိလိုက်တာ

ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဆိုတာ သစ္စာကိုသိချလိုက်တာ (မှန်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)၊ နိဗ္ဗာနာယတဲ့ ကိလေသာလည်းငြိမ်းတယ်တဲ့ကွတဲ့ သူသိ နေတုံး။

ခင်မှု၊ မင်မှု၊ ကြောင့်ကြမှု၊ စိုးရိမ်မှု၊ ဗျာပါရဖြစ်မှုလာ သေးလား (မလာပါဘူးဘုရား)။

နိဗ္ဗာနာယ-ကိလေသာတွေလည်းချုပ်ငြိမ်းမယ်၊ သံဝတ္တတိ-ဩော် ကိလေသာချုပ်ပြီးသကာလနေတော့ချုပ် အောင်လုပ်နိုင်တဲ့ အမြင်ပါလား၊ မြင်ရုံတင် မြင်တာလား၊ ကိလေသာကို ချုပ်စေတာလားလို့မေးတာကို၊ မြင်လည်းမြင် တာအမှန်ပဲ၊ ကိလေသာကိုလည်းချုပ်စေတယ်။

## ရေအိုးနှစ်လုံးထမ်းသလို

ဒီမျက်လုံးဟာ သာမညမဟုတ်ဘူး၊ ပခုံးထမ်းသလိုပဲ မှတ်ရ မယ်၊ ထမ်းပိုးလေး ရေအိုးပေါ် တင်ပြီးထမ်းလိုက်တော့၊ ဟို ဘက်ကရေအိုးလည်းပါလာတာပဲ၊ ဒီဘက်ကရေအိုးကော (ပါပါတယ်ဘုရား)အလယ်က ထမ်းလိုက်တာကို (မှန်ပါ ဘုရား)။

ထို့အတူပဲတဲ့ အခု ဘုရားပေး၊ ဆရာပေးတဲ့ မျက်လုံး လေး၊ ဖြစ်မှု၊ ပျက်မှုမြင်တဲ့မျက်လုံးလေးသည်ကား ဆိုရင်ဖြင့် တဲ့ ဒီဘက်က တဏှာဒိဋ္ဌိ လည်းသတ်တယ် (တင်ပါ ဘုရား)။

## နှစ်ကိစ္စဆောင်ရွက်တယ်

ဒီဘက်ကဒုက္ခသစ္စာလည်း (အမှန်မြင်ပါတယ် ဘုရား) ဟိုဘက်က တဏှာဒိဋ္ဌိလည်း (သတ်ပါတယ်ဘုရား)။

ဒါဖြင့် နှစ်ကိစ္စရွက်ဆောင်တယ်ဆိုရင် အစ်မထမ်းပိုး နဲ့ မတူဘူးလား (တင်ပါ တူပါတယ်ဘုရား) ရှေ့အိုးကိုလည်း ပါစေတာပဲ နောက်အိုးကိုလည်း(ပါပါတယ်ဘုရား)။

ဒီထမ်းပိုး ဘယ်နှစ်ကိစ္စရွက်ဆောင်ပါလိမ့်လို့မေးရင် ဘယ့်နှယ်ဆိုမတုံး (နှစ်ကိစ္စရွက်ဆောင်ပါတယ်ဘုရား) နှစ် ကိစ္စ ရွက်ဆောင်တယ်။

ဒီမှာ အမှန်မျက်လုံးလေးက ဒုက္ခကိုလည်းသိစေတယ်၊ ကိလေသာကိုလည်းသေစေတယ် မောင်ချစ်ဆွေ ရှင်းပလား (ရှင်းပါပြီဘုရား) ဒုက္ခကိုလည်း မြင်စေတယ်၊ နောက်ကကိလေသာတွေကိုလည်း (သေစေပါတယ်ဘုရား)။

## သာမညလို့အောက်မေ့မနေပါနဲ့

အဲ. . သေစေပါတယ်ဆိုတော့ အစ်မတို့ ဒီနေ့ နာရီဝက် ထိုင်ပါတယ်၊ တစ်နာရီထိုင်ပါတယ်ဆိုတဲ့ဥစ္စာ၊ ဩဘ်-ငါအခုထိုင်တာ သာမညလို့အောက်မေ့မနေလိုက်ပါနဲ့၊ အရိယာမျက်လုံးနဲ့ ဒိဋ္ဌိသတ်ပြီးသကာလနေတာ၊ အလယ်လမ်းကို သွားနေတာ။

အရိယာမျက်လုံးတပ်ပြီးသကာလ အလယ်လမ်းသွားနေတဲ့အတွက်၊ အလယ်ကမှ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတော့၊ ကျုပ်နာရီဝက်ထိုင်တာသည် သာမညလားလို့မေးတဲ့အခါကျတော့ အလယ်လမ်းက ဟုတ်ပြီနော် (တင်ပါဘုရား)။

## နိဗ္ဗာန်သွားနေတဲ့နာရီဝက်

အင်း ကျုပ်နာရီဝက်ထိုင်တာသည် နိဗ္ဗာန်သွားနေတဲ့ နာရီဝက်ပါလို့သာ ဆုံးဖြတ်ချက်ချပါ (တင်ပါဘုရား)

သာမညလား နိဗ္ဗာန်သွားနေတဲ့နာရီဝက်လားလို့မေးရင် ဘယ့်နှယ် ဆိုကြမတုံး (နိဗ္ဗာန်သွားနေတဲ့နာရီဝက်ပါဘုရား)။

နိဗ္ဗာန်သွားနေတဲ့နာရီဝက်လို့ ဆိုသဖြင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးလို့ ဆုံးဖြတ်ချက်ချ (တင်ပါဘုရား) ကြေးစည်ရိုက် အော်နေတဲ့ ကုသိုလ်မျိုးနဲ့မတူသေးပါဘူး (တင်ပါ) ဒါ-နိဗ္ဗာန်မှ မသွားသေးပဲ၊ ဘာ့ကြောင့်တုံး သမ္မာဒိဋ္ဌိမှမဖြစ်သေးပဲ။

## ကြေးစည်ရိုက်နေတဲ့ကုသိုလ်

သမ္မာဒိဋ္ဌိ မဖြစ်တော့ အစ်မ ဒုက္ခကောမြင်ရဲ့လား (မမြင်ပါဘူး) နောက်က ကိလေသာကောသေရဲ့လား (မသေပါဘူး) ဒါဖြင့် ဘယ်မတုံးကွ၊ ကြေးစည်ရိုက်နေတဲ့ကုသိုလ်က သမ္မာဒိဋ္ဌိ မပေါ်လာဘူး (တင်ပါဘုရား)။

သမ္မာဒိဋ္ဌိမပေါ်လာတော့ သူ့ဘာတုံးဆိုတော့ ကမ္မဿကတဉာဏ်လေးလောက်နဲ့ သူကြေးစည်ရိုက်နေဘယ် (တင်ပါ) ဟုတ်လား (တင်ပါဘုရား)။

ဝိပဿနာဉာဏ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိနဲ့ ကြေးစည်ရိုက်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား) မကွာခြားဘူးလား(ကွာခြားပါတယ်ဘုရား)။

## နိဗ္ဗာန်ရောက်တဲ့မျက်လုံး

အဲဒါကြောင့် ကြေးစည်ရိုက်လို့သာစုခေါ်တဲ့ အချိန်နဲ့၊ ကိုယ့်သမ္မာဒိဋ္ဌိကိုယ်၊ နောက်ကလည်းဒိဋ္ဌိသတ်၊ ရှေ့ကိုလည်း သစ္စာမြင်၊ ဒီအရိယာတို့၏ မျက်လုံးလေးဟာတဲ့ ဘုရားဖြစ်တဲ့မျက်လုံး၊ အရိယာဖြစ်တဲ့မျက်လုံး၊ နိဗ္ဗာန်ရောက်တဲ့မျက်လုံးဆိုတာ ကမ္မဿကတတွေထက် အဆပေါင်း ထောင်သောင်း သိန်းသန်းမက သာတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘာနဲ့မှမလဲပါနဲ့

အဲတော့ ဒီအချက်ဟာ ဘာနဲ့မှမလဲနဲ့မှတ်လိုက်စမ်းပါ (တင်ပါဘုရား) ဘာနဲ့မှမလဲနဲ့၊ တိုင်ကြီးစိုက်၊ တိုက်ကြီးတည်တာနဲ့လည်းမလဲပါနဲ့၊ ဟိုက ကမ္မဿကတသမ္မာဒိဋ္ဌိမျက်လုံးကိုကွ၊ ဒါက ဝိပဿနာသမ္မာဒိဋ္ဌိမျက်လုံး ဟုတ်လား (တင်ပါ) မဂ်သမ္မာဒိဋ္ဌိမျက်လုံးဆိုတော့ မျက်လုံးချင်းက အတော်ခြားနားတယ် (မှန်ပါ) မခြားနားဘူးလား (ခြားနားပါတယ်ဘုရား)။

ဟိုက ဒိဋ္ဌိမကပ်နိုင်ဘူး (တင်ပါဘုရား) ဒီက ဒိဋ္ဌိကပ်နိုင်တယ် (တင်ပါ) ဟိုက ဒုက္ခသစ္စာအာရုံမပြုနိုင်ဘူး၊ ဒီက ဒုက္ခသစ္စာ အာရုံပြုနိုင်တယ် (တင်ပါဘုရား)။

## ထူးထူးခြားခြားပေါ်နေတာ

ဟိုက ပစ္စည်းဝတ္ထုကိုသာ အာရုံပြုတယ် မကွာ ဘူးလား (ကွာပါတယ်ဘုရား) အဲဒါ ဒီနေ့ည ထူးထူးခြားခြားပဲ ပေါ်နေ တယ်လို့ မောင်ချစ်ဆွေက မှတ်ရမယ်ကွ (တင်ပါ ဘုရား)။

အမြင်မျက်လုံးကိုက ဟိုကကမ္ဘသကတသမားက ကြေးစည်ရိုက်နေတဲ့ပုဂ္ဂိုလ်က သူ့လှူဖွယ်ဝတ္ထုလေးကိုကွ၊ ဒီအပေါ်တင်အာရုံပြုနေတာ (တင်ပါဘုရား)။

ဒီအပေါ်အာရုံပြုပြီး ဒိဋ္ဌိက သေသလားဆိုတော့ ငါ့ဟာတွေဖြစ်နေတာ၊ ဒိဋ္ဌိကလည်းမသေဘူး၊ နောက်ကွယ် ကနေချည်းမသေဘူး၊ ရှေ့ကလည်း သစ္စာမပါဘူး (တင်ပါ ဘုရား)။

နောက်ကလည်း (ဒိဋ္ဌိမသေပါဘူးဘုရား)၊ ရှေ့က လည်း (သစ္စာမပါ ပါဘူးဘုရား) သစ္စာမပါဘူး၊ (တင်ပါ ဘုရား) အခု အစ်မတို့ အချိန်လေး နာရီဝက်ထားလိုက်တယ်၊ တစ်နာရီ ထားလိုက်တယ်၊ နောက်ကလည်း ဒိဋ္ဌိသေ၊ ရှေ့က လည်းသစ္စာ မြင်ကိုကွ၊ (မှန်ပါဘုရား)။

အဲတော့ စက္ခုဉ္စဒပါဒိ ဆိုတာ ဒါကိုဆိုတာ (တင်ပါ ဘုရား) ဉာဏံဉဒပါဒိ ဆိုတာလည်း ဒါကိုဆိုတာ၊ ဟိုကပါကို မပါဘူး၊ ဝိဇ္ဇာဉဒပါဒိ ဆိုတာလည်း ဒါကိုဆိုတာ၊ အလောကော

ဥဒပါဒိ ဆိုတာလည်း ဒါဆိုတာ၊ စက္ခုကရဏီ ဆိုတာ လည်း ဒါဆိုတာ၊ ဉာဏကရဏီ ဆိုတာလည်း ဒါဆိုတာ၊ ဖြေးစည် ရိုက်တာပါကိုမပါဘူး (တင်ပါဘုရား)။

## သဘောပါတဲ့နေ့

ဒီလောက်ခြားနားသိထားပါလို့ဆိုတာကိုလည်း အရေးတကြီးပြောနေတယ် (တင်ပါဘုရား)၊ အင်မတန်သဘောပါတဲ့နေ့ဆိုတာလည်း ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ကိုင်း ဒါနဲ့ ဩော် တို့မြင်တဲ့အမြင်သည်ကားဆိုလို့ ရှိရင်ဖြင့်၊ ဘာကိုမြင်နေခြင်းကြောင့် သမ္မာဒိဋ္ဌိဖြစ်ပါလိမ့် မတုံးဆိုတော့၊ ဩော် ဒကာ ဒကာမတို့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မြင်နေတာ၊ (မှန်ပါ)။

ကိုယ့် ပဋိစ္စသမုပ္ပါဒ်က ဒုက္ခကန္ဓသလို့ဟောထားတယ်၊ ဒါဖြင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ဒုက္ခက္ခန္ဓသလို့ ဆိုသဖြင့် ဒုက္ခသစ္စာမြင်တာသူ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## အဲဒါသစ္စာဉာဏ်

ကြည့်လေ ဒီထဲကဘာစိတ်ပေါ်ပေါ် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) အင်း ဒါဒုက္ခသစ္စာမြင်နေတာပဲ၊

(တင်ပါဘုရား) ကိုယ့် ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဒုက္ခသစ္စာ၊ အဲဒီ ဒုက္ခသစ္စာကြီးမြင်ပြီးသကာလနေသောကြောင့် ဒါသစ္စဉာဏ်၊ ကမ္မဿကတဉာဏ်မဟုတ်ဘူး (တင်ပါဘုရား) မကွာခြားဘူး လား (ကွာခြားပါတယ်ဘုရား)၊ အဲဒီလောက် ထူးထူးခြားခြား မှတ်ထားပေးပါဆိုတာကိုလည်း လေးလေးစားစားနဲ့ပဲပြောနေ တယ်။

ဒါသာမညအရေးလို့ မောင်ချစ်ဆွေက မင်းညွှန့်ခံ တာမျိုး၊ ညွှန့်သည်လာလို့ ညွှန့်ခံတော့ စားပါသောက်ပါ ဆိုတဲ့ အရေးမျိုးလောက် အောက်မေ့မနေနဲ့ ဒါ တကယ့် အရေးတွေ. . . (မှန်ပါဘုရား)။

## တို့သစ္စာမြင်နေတာ

ဒီမျက်လုံးရဖို့အရေးက၊ ဩော် သစ္စာဆိုတာတို့ တခြား လားအောက်မေ့နေတယ်၊ ကိုယ့်ခန္ဓာကဖြစ်ပေါ် သ၍ ဒုက္ခသစ္စာ၊ သူ၏ဖြစ်မှုပျက်မှုမြင်သဖြင့် တို့သစ္စာမြင်နေတာ ပါလား။

ဘယ်သူကဟောတုံး ဒုက္ခက္ခန္ဓဿ၊ “ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ” တဲ့၊ ဒုက္ခသစ္စာလို့ ဟောထားတာ၊ ဟုတ်ဘူး လား. . . (မှန်ပါဘုရား)။

အဲတော့ ဒုက္ခသစ္စာလေးဖြစ်တာကိုလည်း အစ်မတို့က မြင်တယ်၊ ဒုက္ခသစ္စာလေးချုပ်တာလည်းမြင်တယ် (မြင်ပါတယ်ဘုရား) မကွာဘူးလား (ကွာပါတယ်ဘုရား) ဒါဖြင့် မဂ်မျက်လုံးလုပ်တာ၊ ဘုရားက ဒါသမ္မာဒိဋ္ဌိကွတဲ့။

## မဂ်မျက်လုံးဆိုတာ

မဂ်မျက်လုံးဆိုတာ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကြီးဖြစ်မှုကိုလည်းသူမြင်တယ်ကွ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ပျက်မှုကိုလည်း သူမြင်တယ်ကွ၊ အဲတော့ ပဋိစ္စသမုပ္ပါဒ်ပေါ် ပေါ်ခြင်း နောက်က အမြင်လေးက ပေါ်လာတော့ ပေါ်တဲ့ပဋိစ္စသမုပ္ပါဒ်က ဆက်စရာ အကြောင်းရှိသေးရဲ့လား၊ အမြင်နဲ့ သတ်ပစ်လိုက်တာ၊ (တင်ပါဘုရား)။

အမြင်က သူဆက်မလို့လာတဲ့ဥစ္စာကို အမြင်က ကြားခိုပစ်လိုက်တာ၊ (တင်ပါဘုရား)၊ ကြားခိုပစ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဟာက ပြတ်ထွက်သွားတယ် (မှန်ပါဘုရား)၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

အင်းဘယ့်နှယ်ကြောင့် ဒီအမြင်မျိုးမြင်ပါလိမ့်မတုံး ဆိုတော့၊ ဖြစ်ဒုက္ခသစ္စာ၊ ပျက်ဒုက္ခသစ္စာ၊ ဘယ်သူကဟောတုံး၊ ဒုက္ခက္ခန္ဓသကဟောတယ် (တင်ပါဘုရား)။

ဝေမေတသာ ကောဝလသာ ဒုက္ခက္ခန္ဓသာ ဆိုတော့ ဒုက္ခအစု ကြီးလို့ပြောတာ ဒုက္ခအစုကြီး၊ ဘာသစ္စာတုံး၊ (ဒုက္ခ သစ္စာပါဘုရား) ဒုက္ခသစ္စာ၊ ဒါဖြင့် ဒီဒကာ ဒကာမတွေ၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကိုယ်မြင်တာ သစ္စာမြင်တာပေါ့ (မှန်ပါဘုရား) ဟုတ်ဘူးလား။

## အလင်းရသွားပြီ

အဲဒါကြောင့် ဘုရားက ဒါမျိုးပြောတာ စက္ခုံဉဒပါဒိ၊ ဉာဏံဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အလောကောဉဒပါဒိ၊ ခုမှအလင်း ရသွားပြီကွာ၊ ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူးပေါ့၊ သူ့အမြင်ထဲမှာ မရှုပ်တော့ဘူးဟ၊ လင်းသွားပြီးဟ၊ အရှိကို သိသွားပြီဟ၊ ဒါကြောင့် အလောကောဉဒပါဒိ (တင်ပါဘုရား)။

အရင်တော့ ပုဂ္ဂိုလ်သတ္တဝါကြီးက ခံနေတော့ မမြင်ဘူး ဖြစ်မှု ပျက်မှုဒုက္ခသစ္စာကို (မမြင်ပါဘူးဘုရား) မမြင်တော့ အ မှောင်ကျနေလို့မမြင်တာပေါ့၊ ဒီအဝိဇ္ဇာက မတွန်းလှန်နိုင် ဘူးကွ။

ပုဂ္ဂိုလ်သတ္တဝါရယ်လို့ တစ်ခါတည်း ထင်မှတ်ထားတဲ့ အများအဝိဇ္ဇာကြီး၊ အမှောင်အဝိဇ္ဇာကြီး၊ ဒါကြီးမတွန်းလှန်နိုင်တဲ့ အတွက်တဲ့ အမြင်မှန်မရရှာဘူး (တင်ပါဘုရား) သဘော ပေါက်ပလား (သဘောပေါက်ပါပြီဘုရား)။

## ကိုယ့်ကိုယ်ကာယ်တင်တဲ့မျက်လုံး

ထို့ကြောင့် ဒါကိုကြိုးစားလုပ်ပါ ကြိုးစားလုပ်ပါလို့ ဆရာသမားတိုက်တွန်းတာကို၊ စောင့်တောင်နေဖို့မလိုဘူးတဲ့၊ ကိုယ့် ဝီရိယမျက်လုံးကို၊ အပါယ်လေးပါးတံခါးပိတ်တဲ့မျက်လုံး ဒုက္ခခပ်သိမ်းငြိမ်းစေတဲ့မျက်လုံးဖြစ်လေသောကြောင့် ဒီမျက်လုံးမှ မိမိကိုယ်ကာယ်တင်တဲ့မျက်လုံးကို၊ (တင်ပါဘုရား)။

ကျန်တဲ့မျက်လုံးကတော့ သားမြင်လိုက်တယ်ဆိုရင် ခင်တယ်၊ စွဲလန်းတယ်၊ ပွေ့မယ်၊ ချီမယ် တဏှာဉပါဒါန် ကံတွေလာပစ်လိုက်တယ်၊ သမီးမြင်လိုက်တယ်၊ အင်းမိတ်ဆွေတွေ မြင်လိုက်တယ်၊ ဒါတွေကတော့ဖြင့် ဒုက္ခကုန္တသသမုဒယောဟောတီချည်းပဲ၊ ဒုက္ခဖြစ်မှာပဲ။

## အမြင်မှန်လို့ဆိုပါ

အခုဟာကတော့ မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဖြစ်မှုလည်းမြင်တယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်မှုလည်းမြင်လိုက် ပျက်မှုလည်းမြင်လိုက်တော့ မြင်လိုက်တဲ့မဏ္ဍ ဒုက္ခကုန္တသနိရောဓေါဟောတီ၊ နောက်လာမယ့် ဒုက္ခကြီးကို ပါဠိတော်ကို စဉ်းစားလို့ရသေးရဲ့လား (မရပါဘူးဘုရား) မရဘူး ပြတ်ထွက်သွားတယ်။

နောက်လာမယ့်ဒုက္ခကြီး နိရောဓေါဟောတိချုပ်သွားပြီကွ ဆိုတော့ကို ဒါအမြင်မှန် ဆိုထိုက်မဆိုထိုက်၊ (ဆိုထိုက်ပါတယ်ဘုရား) သဘောပေါက်ပလား (သဘောပေါက်ပါပြီဘုရား) တော်တော်အရေးကြီးတဲ့နေ့လို့ပြောတာဟာ တစ်နေ့တစ်နေ့ ပိုပို ပိုပိုကြီးလာတာပဲ (တင်ပါဘုရား)။

## ဝိပဿနာမျက်လုံး

ပိုပို ပိုပိုကြီးလာတယ်လို့ ဆုံးဖြတ်ချက်ချကြ (တင်ပါ) ဒီမျက်လုံးလေးဟာက ဝိပဿနာမျက်လုံးဖြစ်တော့ သစ္စာမြင်တာပဲ၊ ဝိပဿနာ မဂ်မျက်လုံးမှ ဒုက္ခသစ္စာမြင်တယ်၊ တကယ့်မဂ်စစ်မျက့်လုံးက နိရောဓသစ္စာမြင်တယ် (တင်ပါဘုရား) သဘောပေါက်ပလား (သဘောပေါက်ပါပြီဘုရား)။

## မဂ်စစ်မျက်လုံး

ဝိပဿနာမျက်လုံးက (ဒုက္ခသစ္စာမြင်ပါတယ်ဘုရား) အေး မဂ်မျက်လုံးအစစ်ကတော့ (နိရောဓသစ္စာမြင်ပါတယ်ဘုရား) သစ္စာမြင်ရတာချည်းပဲ (တင်ပါဘုရား) သစ္စာတော့မြင်ကြတာချည်းပဲဆိုတာသေချာပလား (သေချာပါတယ်ဘုရား)။

သေချာပြီလို့ အဲတော့ ဒါက သာသနာတွင်းမျက်လုံးလို့လည်းမှတ်လိုက်ပါနော် (တင်ပါဘုရား) တချို့ ဒီလိုမမြင်တဲ့

ပုဂ္ဂိုလ်၊ နည်းပေးကလည်းမရှိ ကိုယ်ကလည်းမလုပ်ချင်၊ တချို့ ရှိကိုရှိတယ်၊ မြင်ချင်လွန်းလို့။

မြင်လောက်အောင် မျက်လုံးကလည်းမရတော့ သူက သာသနာတွင်းရယ်လို့ မြင်ပြောသော်လည်းတဲ့ မှောင်လျှက်ပဲ၊ သူ့သာသနာပပဲ (တင်ပါဘုရား)၊ သာသနာတွင်းမျက်လုံးမရဘူး။

ဘာ့ကြောင့်၊ ပဒပရမ ပုဂ္ဂိုလ်ဖြစ်နေလို့ မင်းတို့ကတော့ ဒီလိုမဟုတ်ပါဘူး၊ ဒီလိုမဟုတ်ပါဘူးတဲ့၊ နေယျ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဟောလိုက်လို့ရှိရင်နားလည်ပါတယ်၊ (တင်ပါဘုရား)။

ဟိုကဘာယ်လိုဟောဟော နားမလည်ဘူး ပဒပရမက ဒီပုဂ္ဂိုလ်တွေကတော့ ဟောလိုက်ရင် နားလည်တယ်၊ နားလည်လို့ အားထုတ်ရင် သူကရထိုက်တယ်ဆိုတာပါသွားတယ် (တင်ပါဘုရား)။

## ကိုယ့်ပါရမီအညွှန့်ကိုချိုးမပစ်နဲ့

အဲတော့ ကိုယ့်ပါရမီအညွှန့်ကလေးကို အလကားအချိန်တွေနဲ့ ချိုးမပစ်လိုက်နဲ့ ဒါအရေးကြီးတယ်၊ ကိုယ့်ပါရမီအညွှန့်ကလေးပါတယ် (တင်ပါဘုရား)။

အညွှန့်ကလေးဟာတစ်ခါတည်း မင်္ဂသီး ဖိုလ်သီး သီးအောင် ကိုယ်ကပွားများပေးလိုက်လို့ရှိရင် ပြီးသွားတာပါပဲ (တင်ပါဘုရား) ဒါပေမယ့် ဧည့်လာဆောင်ဝတ်နဲ့ ရောင်းရေး၊

ဝယ်ရေး၊ သားရေး၊ သမီးရေးနဲ့ ဒီအလုပ်ကလေးကို ချိပ် ချိပ်ပြီး သကာလ တစ်စ တစ်စဒီလိုအောက်မေ့မနေနဲ့။

တစ်စ တစ်စဆိုတာ အညွန့်တုံးတာပြောတာ (တင်ပါဘုရား) တစ်စ တစ်စဆိုတော့ အညွန့်တုံးသွားတာ၊ သဘောပေါက်ပလား (သဘောပေါက်ပါပြီဘုရား)။

## နောက်ဘဝဆိုရင်အညွန့်တုံးသွားပြီ

နောက်ဘဝ အမေမိဘဝမ်းထဲက ကိုးလနေ၊ ဆယ်လဖွားလိုက်ကတည်းက မောဟတွေနဲ့ နေလိုက်ရတာ အညွန့်တုံးသွားပြီ၊ ဒီကအညွန့်ကလေး (တင်ပါဘုရား)။

တစ်ခါ လူလားမမြောက်ခင်လေး ကျောင်းထားဘာထားနဲ့ လူဖြစ်တယ်ဆိုပါဦးတော့၊ ဒီဟာတွေ မမြင်နိုင်သေးဘူး(တင်ပါ) အညွန့်တုံးသွားပြန်ပြီ (တင်ပါ) ဆရာကလည်းကွယ်သွားတော့ ဆရာသစ်ရှာရပြန်ပြီ (မှန်ပါဘုရား)။

ဆရာသစ်ရှာတော့ သာသနာနောက်ပိုင်းကျတော့ ဆရာကောင်းကလည်း မရှိတော့ဘူး (တင်ပါဘုရား) မရှိတော့ ဒီကပါတဲ့ အညွန့်ကလေးကလည်း ပညာသင်နေတာနဲ့ ကွယ်သွားတယ်၊ ပျောက်သွားတယ်။

နောက်တစ်ခါရှာမယ်လို့ အချိန်ရောက်ပြန်တော့ လည်း ကလျာဏမိတ္တမရှိပြန်ဘူး (တင်ပါဘုရား) ကဲ-နာဘူးလား (နာပါတယ်ဘုရား)။

## အရှိသုံးခုညီတုန်းစိတ်ချရအောင်လုပ်ထားပါ

အဲတော့ အရှိသုံးခုညီတုန်းကိုတဲ့ မှန်မှန်မြင်အောင် တစ်ခါတည်း အပါယ်မကျတဲ့ အမြင်ရောက်အောင် ကျုပ်ဖြင့် ရှင်းပြီ ကျုပ်အတွက်စိတ်ချရတယ်ကွ၊ လုပ်ထားလိုက်တာ (တင်ပါဘုရား) ။

ဒီဖြစ်မှုဒုက္ခသစ္စာနဲ့ ပျက်မှုဒုက္ခမြင်လို့ရှိရင်လည်းမကျပါဘူး၊ သို့သော် မြင်တဲ့အခါကျလို့ရှိရင် မြင်ပုံလေးက မနောအမြင်လို့ မှတ်ရမယ် (တင်ပါဘုရား) မနောအမြင်၊ မနောဉာဏ်ပေါ့ကွာ (မှန်လှပါ ဘုရား)။

မနောဉာဏ်ဆိုတဲ့ ဥစ္စာကတော့ကိုတဲ့ ထိုးထွင်းတဲ့ အမြင်မျိုး (တင်ပါ) မျက်လုံးကို မီးလေးကမ်းတာလည်းမြင်ပါတယ်၊ မီးလေးငြိမ်းသွားတာလည်း မြင်ပါတယ်၊ ဒီလိုမြင်တဲ့အမြင်မျိုးမဟုတ်ဘူး၊ ကိုယ့်သန္တာန် အာရုံ ဒွါရ တိုက်ဆိုင်လို့ ပေါ်လာတဲ့ ခမ္မလေးဟာ ပေါ်လည်းပေါ်တယ်၊ ပျောက်လည်းပျောက်တယ်လို့ သိရင်ပြီးတာပဲ (တင်ပါဘုရား)။

ပေါ်လည်းပေါ်တယ် ပျောက်လည်းပျောက်တယ် (တင်ပါ) ဒီလိုသိလို့ရှိရင် ဒါသစ္စဉာဏ်မှန်တာပဲ၊ သဘောပါပလား (သဘောပါ ပါပြီဘုရား)။

အကယ်၍ ဒီအမြင်မှ မရလို့ရှိရင်ဖြင့် မောင်ချစ်ဆွေတို့ အစ်မတို့ အဖြစ်မြင်ရင်လည်း ဉစ္ဆေဒဒိဋ္ဌိသော၊ အပျက်မြင်လို့ ရှိရင်

သဿတဒိဋ္ဌိသေဆိုတော့ ဒီလိုမှမမြင်တဲ့ ပုဂ္ဂိုလ်မှာ ဥစ္ဆေဒတန်းလန်း၊ သဿတတန်းလန်းနဲ့ သေသွားလေရဲ့၊ ကဲ-မနာဘူးလား (နာပါတယ်ဘုရား)။

## အပျက်မြင်ရင်သဿတသေတယ်

အဖြစ်မြင်တော့ ဥစ္ဆေဒဒိဋ္ဌိ သေသကိုကွ (မှန်ပါဘုရား) ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် အဖြစ်မြင်တော့ ဥစ္ဆေဒဒိဋ္ဌိ သေတယ်၊ အပျက်မြင်တဲ့အခါကျတော့ ခိုင်မြဲတယ်ထင်တဲ့ သဿတဒိဋ္ဌိဟာသေတယ်၊ ဒီလိုမှ မမြင်တဲ့ပုဂ္ဂိုလ် မင်းတို့နှစ်ယောက်ကပဲ ဆုံးဖြတ်ချက်ချပါတော့တဲ့ အဖြစ်လည်းမမြင်ဘူး၊ အပျက်လည်းမမြင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါနဲ့ပဲ သေသွားတယ်ဆိုတော့ သဿတလည်းမစင်ပါဘူး (တင်ပါ) ရှိနေတာပဲသူ၊ ဥစ္ဆေဒကလည်း (ရှိပါတယ်ဘုရား)။

သူလုပ်တဲ့ကုသိုလ်တွေယူပြီး သဿတ၊ ဥစ္ဆေဒက ချယ်လှယ်တော့မှာပဲ (တင်ပါဘုရား) ချယ်လှယ်လိုက်လို့ရှိရင် သုဂတိတော့ရောက်မှာပဲ၊ နောက်လည်းအပါယ်ကျလွတ်မှာမဟုတ်ပါဘူး (မှန်ပါဘုရား)၊ ဘယ်လောက်ဆိုးဝါးသွားတယ်ဆိုတာပေါ်ပလားကွ၊ (ပေါ်ပါပြီဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကုသိုလ်ဖြစ်ရုံလောက်တင်မဟုတ်ဘူး

ဩော်. . . ဒါဖြင့် ဒီအကြင်လင်မယားကို ကိုယ်လမ်းတည့်နေတာကို တည့်မှန်းမသိပြန်လို့ရှိရင်လည်း ဝမ်းသာသင့်သလောက်ဝမ်းမသာပဲကိုကွ၊ (မှန်လှပါဘုရား) သူဟာ သွားရာလမ်းတည့်နေတဲ့ဥစ္စာကြီးကိုပင်လျှင်၊ အင်း ကုသိုလ်ဖြစ်ကလေးလောက်လို့ အောက်မေ့နေတော့ ခက်နေတယ်တဲ့၊ ကုသိုလ်ဖြစ်မှုမဟုတ်ပဲ ဒီဥစ္စာက၊ ကုသိုလ်ဖြစ်မဟုတ်ပါဘူးတဲ့ နိဗ္ဗာန်ရောက်တာပါ (တင်ပါဘုရား)။

ကုသိုလ်ဖြစ်ကတစ်မျိုး၊ နိဗ္ဗာန်ရောက်ကတစ်မျိုးကိုကွ (မှန်ပါဘုရား)၊ ကုသိုလ်ဖြစ်ဆိုတာက ရေအိုးစင်တည်လည်း ကုသိုလ်ရပါတယ်၊ နိဗ္ဗာန်တော့မရောက်ဘူး (မှန်ပါဘုရား) အဲဒီ ကုသိုလ်မျိုးမဟုတ်ပါဘူး (တင်ပါဘုရား) သဘောပါပလား (သဘောပါ ပါပြီဘုရား)။

## အမြင်မှန်ဆိုတာပြောစမ်းပါဦးဘုရား

အဲဒါကြောင့် ဘုရားလက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးနေတဲ့အခါမှာ ကစ္စာနအနွယ်ဖြစ်တဲ့ရဟန်းကလေး၊ အရှင်ဘုရား. . တပည့်တော် အရှင်ဘုရား နားကပ်နေတာလည်းကြာပါပြီ၊ အမြင်မှန်ဆိုတာပြောစမ်းပါဦးဘုရား။

သဿတ၊ ဥစ္ဆေဒ လွှက်တဲ့အမြင်ဟာ အမြင်မှန်ကွ၊ အစ်မ ဒါ ဝတ္ထုထုတ်လာတာ (တင်ပါဘုရား) သဿတ-ဥစ္ဆေဒ လွှတ်တဲ့အမြင်ဟာ (အမြင်မှန်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

## သဿတ၊ ဥစ္ဆေဒလွှတ်တဲ့အမြင်

သဿတ-ဥစ္ဆေဒလွှတ်တဲ့အမြင်ဟာ (အမြင်မှန်ပါဘုရား)၊ ကဲဒါဖြင့် ဖြစ်မှုမြင်လည်း ဥစ္ဆေဒစင်တယ် (တင်ပါဘုရား) ဒီမေ့လေးတစ်ခုမှာ ပျက်မှုမြင်တော့ (သဿတ စင်ပါတယ်ဘုရား)။

ဒါဖြင့် ဒါ အမြင်မှန်ပဲ (တင်ပါဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အမြင်မှန်ရနေပြီတဲ့၊ ဘယ့်နှယ်ကြောင့် တုံးဆိုရင်ဖြင့် ဒါ ဒုက္ခသစ္စာမြင်တာကိုကွ (တင်ပါဘုရား) ပုဂ္ဂိုလ် သတ္တဝါတွေ အထူးဖယ်ရသလား (မဖယ်ရပါဘူး)။

မဖယ်ရပဲနဲ့မြင်နေတော့ ဒီအမြင်ထက်မှန်တာတော့ ဘယ်ရှိမလဲကွာလို့ ကစ္စာနကို ဟောလိုက်တယ် (တင်ပါ ဘုရား) သဿ၊ ဥစ္ဆေဒ ကြားထဲကအမြင်ဆိုတာ ပေါ်သွားတယ် (တင်ပါဘုရား) မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် လောကကြီးထဲမှာ အမြင်မှားဖြစ်နေတာ ငါရှင်းပြရလို့ရှိရင်ကွာတဲ့၊ အဖြစ်ကိုမမြင်တဲ့ ပုဂ္ဂိုလ်ကလည်း

အင်း. . ဥစ္ဆေဒကြီး၊ အဖြစ်အပျက်မမြင်တဲ့ ပုဂ္ဂိုလ်ကလည်း ဥစ္ဆေဒသွားတာပဲတဲ့၊ ဒီဟာဖြစ်ပြီးတဲ့ တရားသည်ကားလို့ဆိုရင် နောက်မဖြစ်တော့ဘူး၊ ဘာမှမလာတော့ဘူးဆိုရင် ဥစ္ဆေဒဖြစ်မှာပဲ။

ပျက်သွားတဲ့တရားကိုမြင်လိုက်ပြန်တော့ ဥစ္ဆေဒဖြစ်တယ်၊ ဖြစ်နေတဲ့ ပုဂ္ဂိုလ်မြင်လိုက်လို့ရှိရင်ဖြင့် တစ်ခါတည်း သဿတရယ်လို့ ထင်ချင်ထင်ပစ်လိုက်တာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဖြစ်မြင် သဿတထင်တာက ပျက်သွားတဲ့တရား၊ နောက်ဘယ်တော့မှ အကြောင်းအကျိုးမဆက် ဘူး ထင်လိုက်ပြန်တော့ ဥစ္ဆေဒဖြစ်တယ်ကွ၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

အခုတော့ဖြင့် ဩော်. . ဒီဖြစ်မှု ပျက်မှုဆိုတာတခြားအောက်မေ့မနေနဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဒုက္ခသစ္စာကိုမြင်တာဖြစ်ပြီးသကာလ နေသောကြောင့် နှစ်ခုစလုံးမြင်တဲ့ အတွက်တဲ့ သတ္တဝါသန္တာန်ဖြစ်မှု ပျက်မှုမှတစ်ပါး ဘာမှမရှိဘူး။

## ဒိဋ္ဌိသုံးမျိုးခွန့်တဲ့အမြင်မှန်

ပုဂ္ဂိုလ်သတ္တဝါတွေဖယ်ပြီးသကာလ မြင်တဲ့အမြင်ဟုတ်လား (တင်ပါဘုရား) သတ္တဝါတွေဖယ်ပြီးမြင်တဲ့အမြင်

(တင်ပါ) သဿတဒိဋ္ဌိ ဖယ်ပြီးမြင်တဲ့အမြင်၊ ရှင်းပလား (ရှင်းပါပြီဘုရား) ဥစ္ဆေဒဒိဋ္ဌိကို ဖယ်တဲ့အမြင် (တင်ပါ)၊ ဒါဖြင့် ဒီအမြင်သည် သုံးခုခွါစွန့်နိုင်တယ် (တင်ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါလည်း ခွါစွန့်နိုင်တယ် (တင်ပါဘုရား) အင်း သဿတဒိဋ္ဌိလည်း (ခွါစွန့်နိုင်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိ လည်း (ခွါစွန့်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအမြင်သည်ကားလို့ဆိုရင်ဖြင့် သက္ကာယဒိဋ္ဌိ ဆိုတာလည်း အတွင်းဝင်သွားပြီ၊ ရှင်းပြီ (ရှင်းပါပြီဘုရား) ဒါဖြင့် ဒီအမြင် ဘာအမြင်လို့ဆိုကြမလဲ အမြင်မှန် (အမြင်မှန်သမ္မာဒိဋ္ဌိ ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိ မရသ၍ကာလပတ်လုံး ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ သစ္စာနဲ့မှတ်ထား ဘယ်တော့မှ နိဗ္ဗာန်ရောက်လိမ့်မယ်လို့မဟောဘူးတဲ့ (တင်ပါဘုရား) သဘောပါပလား (သဘောပါ ပါပြီဘုရား)။

ဒီအမြင်လေး အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်သတ္တဝါဖယ်တဲ့အ မြင်၊ သဿတဖယ်တဲ့အမြင်၊ ဥစ္ဆေဒဖယ်တဲ့အမြင် ဤအမြင်ကို တစ်ချက်တည်းနဲ့ သုံးခုဖယ်ချလိုက်တာ (တင်ပါဘုရား)။

## ဒီအမြင်မျိုးရမှနိဗ္ဗာန်ရောက်မယ်

ဒီအမြင်မျိုးမရတဲ့ ပုဂ္ဂိုလ်ဖြင့် ငါသည်ဘယ်တော့မှ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူး (တင်ပါဘုရား) ဘာဖြစ်

လို့တုံးတဲ့ တချို့သင်္ခါရကို နိစ္စ၊ တချို့သင်္ခါရကိုအတ္တလို့ထင်နေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ယုတ်စွအဆုံး ငါပြောပါမယ်ကွာတဲ့ မဂ်နဲ့လျော်တဲ့ ဉာဏ်တောင်မရပါဘူး၊ ဝိပဿနာမဂ်ဆိုတာ အသာထားပါဦးတဲ့ ဝိပဿနာမဂ်နဲ့ လျော်တဲ့ဉာဏ်တောင် မရနိုင်ဘူး။

ဒါ အင်္ဂုတ္တိုရ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား) သဘောပါပလား (ပါ ပါပြီဘုရား)

ကဲ ယနေ့ ဒီတွင်တော်ပါဦး

သာဓု . . သာဓု . . သာဓု . . . ။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော
တရားတော်

## ၂။ ဗုဒ္ဓဘာသာများမှာ ကံအားကိုးတာများတယ်

ဟောကြားသည့်နေ့ (၂၄-၂-၆၂)

မနေ့ကသက္ကာယဒိဋ္ဌိ ပုဏ္ဏမသုတ်မှာ သက္ကာယဒိဋ္ဌိ ဘယ်လိုဖြစ်ပါလိမ့်မလဲဘုရားလို့ မေးတဲ့အခါကျတော့၊ ကွာ. . တဲ့ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်၊ အရိယာတို့၏ တပည့် မဟုတ်တဲ့ပုဂ္ဂိုလ်များကျတော့၊ ရုပ်ငါထင်တာပဲ၊ ဝေဒနာငါထင်၊ သညာငါထင်၊ သင်္ခါရငါထင်၊ ဝိညာဏ်ငါထင် အဲဒါ အကြား အမြင်မရှိတဲ့ပုဂ္ဂိုလ်များမှာတော့ ဒါဟာ သက္ကာယဒိဋ္ဌိ ဖြစ်တာပဲ ကွ. . . (တင်ပါ)။

## သက္ကာယဒိဋ္ဌိဘယ်ပုဂ္ဂိုလ်မျိုးဖြစ်သတုံး

သက္ကာယဒိဋ္ဌိဖြစ်တာ ဘယ်ပုဂ္ဂိုလ်မျိုးဖြစ်သတုံးလို့ မေးလို့ရှိရင်ဖြင့် အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မှဖြစ်တာ (တင်ပါဘုရား)၊ အရိယာတို့၏တပည့်သား မဟုတ်တဲ့ပုဂ္ဂိုလ် သို့မဟုတ် အရိယာမဟုတ်တောင်မှ အကြားအမြင်များတဲ့ပုဂ္ဂိုလ်၏ တပည့်သားဖြစ်ခဲ့လို့ရှိရင်လည်း သက္ကာယဒိဋ္ဌိကမဖြစ်ပါဘူး။

ဒီအတိုင်းသာ မိဘရိုးရာအတိုင်းနေပြီးသကာလ ဒီတရားမျိုးမကြားဖူးတော့ပါဘူးဆိုလို့ရှိရင်ဖြင့် တစ်ကိုယ်လုံး ဟာငါပါပဲ (တင်ပါဘုရား) ရုပ်လည်းငါ၊ ဝေဒနာလည်းငါ၊ သညာလည်းငါ၊ သင်္ခါရလည်းငါ၊ ငါခက်ပြီဆိုပြီး တစ်ခါတည်း ကုလားထိုင်ပေါ် ပက်လက်လှန်လိုက်တာကြည့်ပါ့လား (မှန်ပါဘုရား) ရုပ်ငါထင်လိုက်တာ (တင်ပါဘုရား)။

ငါတော့ခက်ပြီ၊ သကြံ့ခံတောင်မလိုက်နိုင်တော့ဘူး၊ ဒါငါထင်ပစ်လိုက်တာ (တင်ပါဘုရား) ငါကနှိပ်စက်ပစ်လိုက်တာ၊ ဝေဒနာငါထင်ပစ်လိုက်တာ၊ အားနည်းတဲ့ဝေဒနာကို ငါဟာတော့ ခက်သားပဲ အဲတော့ ငါနှိပ်စက်ချလိုက်တာ (တင်ပါဘုရား)။

သညာကလည်း ငါမနေ့က ဒီလိုမမောတတ်ပါဘူး၊ ခုတော့မောလာတယ်၊ ဟော သညာကနှိပ်စက်ချလိုက်တာ၊ သညာကြောင့်ဒိဋ္ဌိဖြစ်သွားတယ်။

သခ်ီရတဲ့ ပြောတတ်တဲ့ စေတနာတွေရှိသားပဲ၊ ပြောကို မပြောချင်ဘူး၊ စေတနာငါထင်ပြန်တာပဲ၊ (မှန်ပါ)။

ငါ့စိတ်ဘယ်နှယ်ဖြစ်လာပါလိမ့်မတုံး မသိဘူးတဲ့၊ ခုနင်ကမေးတယ်၊ အစ်မ ခုဘယ်လိုဖြစ်တယ်သူမသိဘူးတဲ့၊ သူ့စိတ်သူမသိဘူးဆိုကတည်းက ဒီဥစ္စာသည် သူ့စိတ်နဲ့သူဖြစ်နေတာပဲဆိုတဲ့အဓိပ္ပါယ်ရှင်းသွားပြီ (ရှင်းပါတယ်ဘုရား) သူ့စိတ်သူတစ်ခါတည်း ငါထင်ပြီးသကာလ ငါတော့ခက်ပြီ၊ အားလျှော့ပစ်လိုက်တယ် စိတ်လျှော့ပစ်လိုက်တယ် (တင်ပါ)။

အဲတော့ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ် ဒါတွေ လာတာပဲ၊ ဒါကြောင့် မင်းမရှိတုန်း ငါအစ်မနဲ့ ပြောနေတာ အိုမင်း၊ ငါရှုပ်နေလို့ဖြစ်နေတာ ငါမရှုပ်ရင်ဖြစ်ကိုမဖြစ်ပါဘူး (တင်ပါဘုရား) ငါရှုပ်နေတာတဲ့။

## ငါထင်လိုက်တော့ဒိဋ္ဌိဖြစ်တယ်

အကုန်ငါထင်ပြီး ငါရှုပ်တွေကနောက်ကလိုက်တာ၊ ငါထင်လိုက်တော့ ဒိဋ္ဌိဖြစ်တယ်၊ ခက်ပြီဆိုတော့ သောကတွေ နောက်ကလိုက်တယ် (တင်ပါဘုရား) ဒီဥစ္စာ ငါထင်လိုက်တယ် ငါထင်လိုက်တော့ ဒိဋ္ဌိမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဒိဋ္ဌိဖြစ်ပြီးနောက် ဒိဋ္ဌုပါဒါန်လိုက်လာတယ်၊ ပြီးတော့မှ ဒိဋ္ဌိဖြစ်တဲ့ကံတွေ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿတွေ အကုန်လိုက်လာတယ် (တင်ပါ)။

အဲဒါ ဒီခန္ဓာကိုယ်ကြီးကို အကုန်လုံးသော်လည်းကောင်း၊ တစ်ခုခုသော်လည်းကောင်း၊ ငါထင်လိုက်ခြင်းကြောင့်တဲ့၊ တစ်ခါတည်း ငါခက်ပြီကော ငါဆရာဝန်ဆီပြေးမှပဲ၊ ငါဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေ ဒါမျိုးတွေကြုံဖူးတဲ့ပုဂ္ဂိုလ်ရှာမှပဲ ဆိုတဲ့ဥစ္စာ၊ ငါထင်ပစ်လိုက်တဲ့အလုပ်ကလာတာ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## စိုးရိမ်လုံးတွေဝင်လာတယ်

မင်းဘယ်သူနှိပ်စက်တာတုံး (ငါနှိပ်စက်တာပါဘုရား) ငါထင်လိုက်တာ စိတ်ကိုလည်း ငါထင်လိုက်တယ် (တင်ပါဘုရား) ရုပ်ကလည်းငါထင်လိုက်တယ်၊ မထင်ရင် သူခက်ပြီဆိုတဲ့ စိုးရိမ်လုံးတွေလာပါ့မလား (မလာပါဘူး)။

ဒါ ငါထင်ပြီးမှ စိုးရိမ်လုံးလာတာ (တင်ပါဘုရား) အဲတော့ အရေးကြုံတဲ့အခါ အကြားအမြင်မရှိတဲ့ အမိပ္ပါယ်မျိုးရောက်သွားတယ် (တင်ပါဘုရား) အရေးကြုံတဲ့အခါမှာ (အကြားအမြင်မရှိတဲ့ အမိပ္ပါယ်ရောက်သွားတယ်) အကြားအမြင်မရှိတဲ့ အမိပ္ပါယ် သက်ဝင်သွားတယ်ဆိုတော့ ဆရာပေးထားတဲ့ လက်နက်က အရေးကြုံတဲ့အခါ ပစ်ရမယ့် လက်နက်တွေ (တင်ပါ)။

အဲဒီလက်နက်တွေကို အသုံးမချဘဲနဲ့ ဘေးချပြီး သကာလ နေလိုက်တော့ ဒိဋ္ဌိကို အရှုံးပေးရာရောက်တယ် (တင်ပါ) ဒိဋ္ဌိကိုအရှုံးပေးလိုက်တော့ ဒိဋ္ဌိကနိုင်သွားတော့ သောကပရိဒေဝဘက် လှည့်ကျေးဖူးပြုလိုက်တော့၊ သောကပရိဒေဝလာတော့တာပဲ၊ သဘောပါပလား (သဘောပါပါပြီဘုရား) ဒါဖြင့် လက်နက်ပေးထားတာသည် အရှုံးပေးမထားတဲ့ ပုဂ္ဂိုလ်မှာ ဘုရားလက်ထက်က ရဟန်းကြီးတစ်ပါးရှိတယ်။

အနာရောက်လာပြီ၊ အဲဒီ အနာရောက်လာလို့ရှိရင်ဖြင့် အနာမဦးအောင် ဉာဏ်ကဦးအောင်လုပ်လိုက်တော့မယ် (တင်ပါဘုရား) အနာမဦးခင်၊ သူကမသတ်ခင် (ဉာဏ်ကသတ်ရမယ်) ဉာဏ်ကတစ်ခါတည်း ဒီဥစ္စာကိုဝိပဿနာရှုပြီး သကာလ ဉာဏ်အလုပ်အောင်မြင်အောင် လုပ်လိုက်တော့ မယ်ဆိုတော့ သူ့စိတ်ထဲချက်ချင်းပေါ်လာတယ် (တင်ပါဘုရား) အနာရတာနဲ့ ချက်ချင်းပေါ်လာတယ်။

သူကသတ်မယ်လို့ လာတဲ့အနာဖြစ်လို့ရှိရင် သူမသတ်ခင် ကိုယ့်ဉာဏ်ကအသတ်လွတ်တဲ့ဆီပြေးတဲ့ ဉာဏ်ရအောင် လုပ်တော့မယ် (တင်ပါဘုရား)။ဒီလိုစိတ်ကူးရပါတယ် (တင်ပါ) သဘောပါပလား (သဘောပါ ပါပြီဘုရား)။

## ညာဏ်ကဦးအောင်လုပ်တယ်

အနက်ာ အာဗာဓောမေသမုပ္ပန္နော ဖြစ်ပေါ်လာခဲ့သည်ရှိသော်၊ ပမဇ္ဇိတုံ- မေ့လျော့ခြင်းငှာ၊ နာဟောတိ-မထိုက်ဘူးတဲ့ (တင်ပါ) အနာရောက်လာလို့ရှိရင် ပိုပြီးမမေ့ရဘူးတဲ့၊ အာဗာဓေမေ သမုပ္ပန္နော နကာလော ပမဇ္ဇိတုံတဲ့ အနာရယ် လို့ဖြစ်လာလို့ရှိရင်မေ့ကိုမမေ့နဲ့တဲ့ (တင်ပါဘုရား)။

တစ်ခါတည်း သူကဦးလိမ့်မယ်ဟေ့၊ ညာဏ်ကဦး အောင်လုပ်မယ်ဟေ့၊ သူကဦးသွားရင် ခက်တယ်ဟေ့၊ ညာဏ် ကမဦးရင် အရှုံးပေးရာရောက်တယ်ဟေ့ သဘောပါပလားကွ (သဘောပါ ပါပြီဘုရား)

အင်း. . အနာကလေးထဲ အပ်ကလေးထိုးတာမြွေ ကိုက်သလို ထိုးလဲလိုက်တာ အရှုံးပေးပစ်လိုက်တာ (တင်ပါ) ဒီလိုမလုပ်ရဘူးတဲ့ တစ်ခါတည်း ဝေဒနာကတစ်ချက်၊ ညာဏ်က တစ်ချက်၊ ဒီလိုသွားတယ် ကြာတော့ ညာဏ်ကနိုင်သွားတယ် (တင်ပါဘုရား)။

## အနာလည်းရောက်၊ ရဟန္တာလည်းဖြစ်တယ်

ကြာတော့ညာဏ်ကနိုင်သွားတဲ့အခါကျတော့ ဝေဒနာ နိရောဓါဖြစ်သွားတော့ တဏှာနိရောဓေါဆိုတဲ့ဥစ္စာက ညာဏ်လာနေကတည်းက တဏှာနိရောဓေါကသေချာသွားပြီ၊

အဲဒီလိုလုပ်ပစ်ရမှာ (တင်ပါဘုရား) ဒီရဟန်းကြီးတော့ တစ်ခါတည်း အနာလည်းရောက် ရဟန္တာလည်းဖြစ်တာပဲ ပေါ်ကြပလားကွ၊ (ပေါ်ပါပြီဘုရား)။

စောင်းပြောနေတာမဟုတ်ပါဘူး ဒီဥစ္စာက ဖြစ်စဉ်ကိုက်တည့်ပြောနေတာ (တင်ပါဘုရား) မလျှော့ရဘူး (စိတ်လျှော့တာမကောင်းဘူးဘုရား) အေးလေ အခုဒါပြောနေတာပဲ (တင်ပါဘုရား)။

ကဲဒါဖြင့် သက္ကာယဒိဋ္ဌိဆိုတာ ရှင်းပါပြီဘုရားတဲ့။ ခန္ဓာငါးပါးမှာ တချို့ အသာဒ ရှိတယ်၊ သာယာမှုရှိတယ်၊ အပြစ်သိတယ်၊ ခန္ဓာငါးပါးကြောင့် ထွက်မြောက်ကြောင်းလည်းရှိတယ်လို့ သုံးချက်လာပါတယ် အဲဒါ တပည့်တော်အမိန့်ရှိစမ်းပါဦး (တင်ပါဘုရား)။

## ဒီသုံးချက်ကိုအမိန့်ရှိပါ

ကွာတဲ့ ဘုရားက ဒီပုဏ္ဏမသုတ်ဖြေနေတယ်လို့ အောက်မေ့နော် (မှန်လှပါဘုရား) ဒီလိုကွတဲ့ ကိုယ့်ရုပ်ကလေးကို အင်း နည်းနည်းမာသေးရဲ့၊ ဝမ်းသာရသေး၊ သူ့ကကျန်းကျန်းမာမာရှိတယ်ဆို ရုပ်ကြောင့် အဿာဒ လာဖြစ်တယ် (တင်ပါဘုရား) သာယာတဲ့ သောမနဿမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

အဲဒါ ရုပ်ကြောင့်သာယာတဲ့သောမနဿ၊ သုခဝေဒနာလေးအကြောင်းရင်းခံပြီး ချမ်းသာနေတာနဲ့ပဲ၊ အန္တရာယ်ကင်းနေတာနဲ့ သာယာတဲ့သောမနဿကောမလိုက်ဘူးလား (လိုက်ပါတယ်ဘုရား) လိုက်နေတာပဲ ဒါခန္ဓာငါးပါးကြောင့် သောမနဿလိုက်တယ်၊ အဲဒါရုပ်ကြောင့် ခန္ဓာကြောင့် အဿာဒဖြစ်တာ သာယာမှုလာတာ။

သာယာမှု ပြောစမ်းပါဦးဘုရား၊ အို မင်းတို့ကမလုပ်တတ်လို့ကွတဲ့၊ မင်းတို့ သာယာနေတဲ့ ခန္ဓာဟာ အနိစ္စတွေ၊ ဒုက္ခတွေ၊ ဖြစ်ပျက်တွေကွ၊ ဒီလိုကြည့်လိုက်ပြန်လို့ရှိရင်လည်း ဒါသူ့အပြစ်သိသွားတာပဲ။

သူ့ပင်ကိုယ်က အနိစ္စတွေပဲ၊ ပင်ကိုယ်က ဒုက္ခတွေပဲလို့ ဉာဏ်စူးရှတဲ့ ပုဂ္ဂိုလ်ကျတော့ အပြစ်သိတယ်ကွတဲ့၊ ဒါက "အာဒီနဝ" ဆိုတာ သူ့အပြစ်သိတယ်ကွတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

"နိဿရဏ" ပြောစမ်းပါဦးဘုရားတဲ့၊ သူနဲ့ထွက်မြောက်ကြောင်း လုပ်ရပါတယ်လို့ ပြောကြပါတယ်၊ အို သူ့ခင်တွယ်တဲ့ တဏှာစွန့်လိုက်ရင် ထွက်မြောက်သွားတာပဲကွာ၊ ခန္ဓာငါးပါး ခင်တွယ်တဲ့ တဏှာချုပ်အောင် လုပ်လိုက်လို့ ရှိရင် ဘာတုံး (ထွက်မြောက်ပါတယ်ဘုရား) အဲဒါ သူ့အတွက် မှတ်ကွ၊ ရဟန္တာကို ဘုရားက ဖြေနေတာနော် (တင်ပါဘုရား)။

ဒါဖြင့် ဘုရားတဲ့ တပည့်တော် ရှေ့ဆက်ပြီး မေးပရစေ၊ ရှေ့ဆက်ပြီး မေးပရစေတဲ့၊ ဘယ်ကဲ့သို့ ပြုတဲ့ပုဂ္ဂိုလ်မှ တဏှာ မာန ဒိဋ္ဌိ ချုပ်ပါလိမ့်မတုံး၊ ဘယ်ကဲ့သို့ သိတဲ့ပုဂ္ဂိုလ်မှ လောက ကြီးထဲမှာ တဏှာမာန ဒိဋ္ဌိချုပ်ပါလိမ့်မတုံး၊ ဘယ်လိုသိတဲ့ ပုဂ္ဂိုလ်မှ တဏှာ မာနဒိဋ္ဌိ ချုပ်နိုင်ပါတဲ့သတုံး၊ ပပဉ္စချုပ်နိုင် သတဲ့တုံး မေးတော့။

## တဏှာမာနဒိဋ္ဌိချုပ်တဲ့နည်း

အို မင်း အတိတ်ကဟာတွေလည်း အနိစ္စ၊ လုပ်ပြီး သားလည်း အနိစ္စ၊ ပစ္စုပ္ပန်တွေလည်း အနိစ္စ၊ ရုပ်တွေလည်း အနိစ္စကွာ၊ နောက်လာမှာတွေလည်း အနိစ္စတွေ မင်းအကုန် သာ သိမ်းပစ်လိုက်စမ်းပါ ခန္ဓာကို၊ ဘယ်ကလာ တဏှာမာန ဒိဋ္ဌိလာရမှာတုံးကွ၊ ဘယ် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတာ ဖြစ်နိုင်သေးရဲ့လား၊ လုပ်ပြီးသားလည်း အနိစ္စတွေပဲကွာ ဖြစ်ဆဲတွေကော (အနိစ္စပါဘုရား) ဖြစ်လတ္တံ့တွေကော (အနိစ္စတွေပါဘုရား)။

အဲတော့ အကုန်အနိစ္စတွေ၊ အနတ္တတွေ၊ မင်းကြည့် လိုက်ပြီ ဆိုမှဖြင့် ဘယ်ကလာပြီး တဏှာမာန ဒိဋ္ဌိ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတာ မလိုက်နိုင်ပါဘူးကွ၊ အကုန် အနတ္တ ဖြစ်သွားတာပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာမာန ဒိဋ္ဌိ၊ ဩော် ဒီလို ရှုလိုက်လို့ရှိရင် တဏှာမာန ချုပ်သကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလား ကြိုက်တဲ့ တစ်လုံးကို ရှုလိုက်လို့ရှိရင် တဏှာမာန ဒိဋ္ဌိချုပ်တာပါပဲကွာ အတိတ်လည်းရှု၊ ပစ္စုပ္ပန်လည်းရှု၊ အနာဂတ်လည်းရှုကွာ။

ဝေးတဲ့ရုပ်လည်း လှမ်းရှု၊ နီးတဲ့ရုပ်ကိုလည်း ရှုပါ။ သိမ်မွေ့နူးညံ့တာတွေလည်း အကုန်ရှုပါ၊ ပေါ်တဲ့ဟာတွေ အကုန်ရှုချကွာ၊ ဒီလိုဆိုရင် တဏှာမာန ဒိဋ္ဌိ အကုန်ချုပ်တာ ပေါ့ကွာ (တင်ပါဘုရား)။

ဒီလိုဟောတော့ ရဟန်းငါးရာထဲက၊ ငါးရာ့တစ်ပါး ရှိတယ်လို့ မနေ့က ပြောခဲ့ပြီ၊ တစ်ပါးက ဗွေဖေါက်လာတယ်၊ တစ်ပါးက ဗွေဖေါက်လာတယ်၊ ဩော် အလုံးစုံ အနတ္တလို့ ဘုရားက ဟောလိုက်သည် အားကိုးရာ မဲ့တော့ ဖြစ်သွားပြီ (တင်ပါဘုရား)။

အလုံးစုံ အနတ္တဆိုရင် ခန္ဓာငါးပါးရှိတာကို ရှိတာက လောကကြီးထဲ ရှာလိုက်တော့လည်း ခန္ဓာငါးပါးပဲရှိတယ် (မှန်ပါဘုရား)။

အဲဒီခန္ဓာ ငါးပါးသည် အကုန်အနတ္တဆိုရင်ဖြင့် ဘယ်ဟာ ငါ့ဟာ လုပ်ရမှာတုံး (တင်ပါဘုရား) ငါ့ဟာ မရှိဘူး ကုန်ပေါ့ပဲ သူကဗွေဖောက်လာတယ် (တင်ပါ) ဒီထဲက။

ဖွေဖောက်တော့ တရားနာရင်း မတ္တာနဲ့ ငါ့ အကုန်အနတ္တ ဟောနေတော့၊ ငါ့မှာ အားကိုးရာမဲ့ ဖြစ်နေပါပေါ့လားလို့ သူ့စိတ်ထဲပေါ်နေတယ်. . . (မှန်ပါဘုရား) ဘယ်ခန္ဓာမှ အားကိုးစရာမရှိတော့ဘူး အနတ္တချည်းဖြစ်နေပြီဆိုတော့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သိတယ်။

ကဲဒါဖြင့် ဒီရဟန်းက အကုန်အနတ္တဖြစ်လို့ရှိရင်၊ ကံတစ်လုံး အတ္တလုပ်ထားမှ တော်မယ်၊ သူစွဲမိစွဲရာ စွဲပြန်ပြီ (တင်ပါ) အကုန်အနတ္တဖြစ်နေလို့ရှိရင် ကိုယ်ပြုထားတဲ့ ကံလေးဟာ ကိုယ့်နောက်ပါမှာပဲ (တင်ပါဘုရား)။ ဒါလေး တစ်ခုပဲ ခိုင်တာမြဲတာရှိတယ်ဆိုတော့ ကံအတ္တလုပ်ပစ်လိုက်တာ ရှင်းပလား (ရှင်းပါပြီဘုရား) ဒါသတိထားပါ။

## ဗုဒ္ဓဘာသာမှာ ကံအားကိုးတာများတယ်

ဒီစကားဟာက ရှေ့ကပြောဖူးပေမယ့် ဗုဒ္ဓဘာသာမှာ ကံကို ငါ့ဟာလုပ်ပစ်လိုက်တာ သိပ်များတယ် (လုပ်ပါတယ် ဘုရား) ကံအမိ၊ ကံအဖ၊ ကံဟာငါ့ဥစ္စာပေါ့ကွ (တင်ပါ)။

ကံဆိုတာက သင်္ခါရက္ခန္ဓာ၊ စေတနာ (တင်ပါ) စေတနာဆိုတော့ သင်္ခါရာအနိစ္စ (တင်ပါ) သင်္ခါရာ ဒုက္ခ၊ သဗ္ဗေဓမ္မာ အနတ္တာလို့ သူပါပြီးသား (တင်ပါဘုရား) အခုပေါ် အခုပေါ်တဲ့နေရာ ချုပ်တာပဲ၊ အခုပေါ်တဲ့ကံ၊ ကံက နေချုပ်တာပဲ သဘောကျပလား (ကျပါပြီဘုရား)။

သူကတော့ မဟုတ်ဘူးတဲ့ ကံအမိ ကံအဖပဲ လူသွားရာ အရိပ်ပါသလို သူလိုက်တယ် (တင်ပါ) ဒါပဲအားကိုးတော့မယ်၊ အကုန်အနတ္တဆိုရင်၊ ဘယ်ဟာမှ အတ္တလုပ်စရာ မရှိရင် ကံပဲ အတ္တလုပ်တော့မယ်၊ ကံပဲ ငါ့ဟာ လုပ်တော့မယ် ဆိုပြီးတော့ မင်းအနတ္တကို ငါ့ဟာ လုပ်ပြန်တယ်၊ ရှင်းရဲ့လား (ရှင်းပါပြီ ဘုရား)။

ဘာငါ့ဟာ လုပ်လိုက်ပါလိမ့် (အနတ္တကို ငါ့ဟာ လုပ်မှာပါဘုရား) အနတ္တငါ့ဟာ လုပ်လိုက်တယ်၊ ကဲဒါက ဒီရဟန်း ဖွဲဖောက်နေတာ ဟောတုန်းက ဘုရားက အကုန် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ဟောလိုက်လို့ သူ့မှာဒီပြင်ဟာ ဘာမှ အားကိုးစရာမရှိဘူး၊ ကိုယ်ပြုထားတဲ့ ကံလေးပဲ အားကိုးရတော့မှာပဲ၊ သူက ခိုင်မြဲတယ်လို့ ယူပစ်လိုက်တယ် (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

ကံကို ဘာလုပ်ပစ်လိုက်တယ် (ကံကို အတ္တလုပ်ပစ် လိုက်ပါတယ်ဘုရား) ခိုင်တယ် မြဲတယ်လို့ ယူပစ်လိုက်တယ် (တင်ပါဘုရား) ဒါကြောင့် ဆရာကောင်းနဲ့ မတွေ့သ၍ ကာလ ပတ်လုံးမှာ ဒီကံအတ္တလုပ်တဲ့ ပုဂ္ဂိုလ်က တယ်များတယ် (များ ပါတယ်ဘုရား)။

## ကံကို အစွဲလုပ်တဲ့ပုဂ္ဂိုလ်များတယ်

ကံအတ္တလုပ်တဲ့ ပုဂ္ဂိုလ်က တယ်များတယ်၊ ဘယ်လို များသတုံး ကိုချစ်ဆွေ၊ ကျုပ်အတွက်တော့ မစိုးရိမ်နဲ့၊ ကျုပ်စု ထားတာတွေ အလကား ဘယ်ဟာမှ မဖြစ်ဘူး၊ ကျုပ်နောက် လိုက်မှာ အင်း မချုပ်ဘူးပြောတာပဲ (တင်ပါ)၊ ချုပ်တယ် ပြောတာလား မချုပ်ဘူးပြောတာလား (မချုပ်ဘူးပြောတာပါ ဘုရား) စေတနာကံတွေဟာလေ (တင်ပါ)။

ဒါဖြင့် ဒါပဲ အားကိုးတော့ ခုနင်က ရဟန်းထဲဝင်မသွား ဘူးလား (ဝင်ပါတယ်ဘုရား) ဘယ့်နှယ်ဒါတွေဟာ အကုန် အနတ္တတွေ ဖြစ်နေတာချည်းပဲ၊ ဒါပဲ အားကိုးရတော့မှာပဲဆိုပြီး သူယူလိုက်တော့၊ ဒါသာ သူ့နောက်လိုက်မှာပဲ ဆိုပြီးသကာလ သူယူလိုက်တဲ့အတွက်တဲ့၊ သူ့မှာဖောက်ပြန်တဲ့ သဘောသူ့မှာ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

## ပျက်စီးနေတဲ့တရား

နဂိုက ပျက်စီးနေတဲ့တရား (တင်ပါဘုရား) အဲဒါကို ပျက်စီးတယ်လို့ မယူဘူး၊ လူသွားရာ အရိပ်ပါ၊ နွားသွားရာ လှည်းလိုက် (တင်ပါဘုရား) သူကတော့ဖြင့် မပျက်စီးဘူး ပြုထားတဲ့ ကံကတော့ သူကံအတ္တလုပ်ထားတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ ဗုဒ္ဓဘာသာမှာ ဒါဒိဋ္ဌိဖြစ်နေတယ် (တင်ပါဘုရား) သဘောကျရဲ့လား (သဘောကျပါတယ်ဘုရား) ဗုဒ္ဓဘာသာမှာ (ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

အဲတော့ မင်းကပဲ ပြောထားတာပဲ၊ နဂိုကငါနဲ့ မတွေ့ခင်က ဆိုလို့ရှိရင် အို-ဇရပ်တွေဆောက်၊ ကျောင်းတွေ ဆောက်၊ ဘုရားတွေတည်၊ ဒါတွေဘယ်သွားမှာတုံး ကိုယ့်နောက်လိုက်မှာ (တင်ပါဘုရား) အောင်မာ - မပျက်တော့ ဘူးတဲ့၊ ကိုယ့်နောက်မှာကို ပြောလိုက်သေးတယ် သူကတခြား ကိုယ်ကတခြားပေါ့ကွာ။

သူကလည်း မပျက်စီးဘူးလိုက်တယ်၊ ကိုယ်ကရှေ့ကပြေး ပြုထားတဲ့ကံတွေက နောက်ကလိုက်၊ ဘယ့်နှယ့်တုံး၊ မပျက်စီးလို့ လိုက်တာပေါ့ ဒါဖြင့် သဗ္ဗေဓမ္မာ အနတ္တနဲ့သွားပြီ မင်းတို့ဟာ (လွဲချော်သွားတာပါဘုရား)။

လွဲချော်သွားပြီ အတ္တဒိဋ္ဌိဝင်လာပြီ၊ အစ်မ ကြောက်စရာကောင်းတယ်နော်၊ ဘယ့်နှယ့်တုံး မောင်ချစ်ဆွေ ကြောက်စရာသိပ်ကောင်းတယ် (ကြောက်စရာကောင်းပါတယ်ဘုရား)။

## သုတ္တန်နည်း၊ အဘိဓမ္မာနည်း

မင်းတို့ယူထားတဲ့ အယူဟာက သုတ္တန်နည်းယူထားတာကွ၊ အဘိဓမ္မာနည်း မဟုတ်ဘူး၊ ဆရာတော်တွေကလည်း ဒါပဲ၊ ဒါပဲနင်တို့ပါအောင်လုပ်တဲ့ (တင်ပါဘုရား)။

ဘယ်လိုတုံးဘုရားဆိုပြီး မင်းတို့ကမမေးလိုက်ဘူးလား (မေးရပါတယ်ဘုရား) အို မင်းတို့ပြုထားတဲ့ကံတွေ နင်တို့နောက်လိုက်မှာပေါ့ဆို၊ ကံဆိုတာ စေတနာမဟုတ်ဘူးလား စေတနာဆိုရင် နာမ်ပေါ့၊ နာမ်ဖြစ်ရင့်ဖြစ်တဲ့နေရာချုပ်တာပဲ၊ ဘယ်လိုက်မတုံး (တင်ပါ) လိုက်နိုင်ရဲ့လား (မလိုက်နိုင်ပါဘူးဘုရား)။

အဲဒါကို အခုလို ထိုးထိုးထွင်းထွင်း ဒီလိုသုတ္တန် သံယုတ်ပါဠိတော်ကြီးကိုလည်း ကြည့်ပင်ကြည့်ငြားသော်လည်း အပေါ်ယံကကြည့်သွားတဲ့ ပုဂ္ဂိုလ်များကျတော့ မောင်ချစ်ဆွေ ဒီအတိုင်းဟောချလိုက်တယ် (တင်ပါဘုရား)။

မင်းတို့ပေ့ါ ရှာထားတာတွေ ကိုယ့်ဟာကိုယ်ယူသွားကြ အမယ်-အစ်မတို့လူစုက၊ ကိုယ်နောက်ပါတာ လုပ်ထားအောင်မာ နောက်ကတစ်မျိုးပါလားဟေ့၊ ရှေ့ကလည်း တစ်မျိုး (မှန်ပါဘုရား) ရှေ့ကသွားတဲ့လူနဲ့ နောက်ကလိုက်တဲ့ သူနဲ့ အဓိပ္ပါယ်ဒီလိုမရဘူးလား (ရပါတယ်ဘုရား)။

ရှေ့က (သွားတဲ့လူနဲ့ နောက်ကလိုက်တဲ့လူနဲ့) ရှေ့ကသွားတာလည်း ရုပ်နာမ်၊ နောက်ကလိုက်တာကကံ၊ အင်း ရှေ့ကလည်းမချုပ်၊ နောက်ကလည်းမချုပ်၊ သဗ္ဗေမှာအနတ္တာနဲ့တော့ သွားပြီဟေ့၊ သဗ္ဗေမှာ အနတ္တာဆိုတာ ရှေ့ကလည်း သွားစရာမရှိဘူး၊ နောက်ကလည်း မလိုက်နိုင်ဘူး။

ဘယ့်နှယ့်တုံး အစ်မတို့ နာထားတဲ့တရားတွေနဲ့ ကန့်လန့်ကြီး သွားဖြစ်ပြီ (တင်ပါ) သဘောပါပလား (သဘောပါပါပြီဘုရား)။

## တရားနာမှားလို့ ဒိဋ္ဌိဖြစ်တယ်

အဲတော့ တရားနာမှားလို့ ဒိဋ္ဌိဖြစ်တယ် (တင်ပါဘုရား) ဘာတဲ့တုံး (မှန်ပါတယ်ဘုရား တရားနာမှားလို့ပါဘုရား) တရားနာမှားလို့ (တင်ပါဘုရား) ဘာဖြစ်တုံး (ဒိဋ္ဌိဖြစ်တယ်) အဲဒါလိုချင်တာကွ ဘုရားလက်ထက်ကဝတ္ထုဆိုတော့ ဟုတ်ပြီ (မှန်ပါဘုရား) ဒီကိုယ်တော်မှာ အတ္တဒိဋ္ဌိဖြစ်နေပြီ (တင်ပါ)။

ဘယ်ဟာ အတ္တလုပ်ရမှာတုံးတဲ့၊ ကိုယ်ပြုတဲ့ ကံလေးပဲ အတ္တလုပ်ရုံရှိတော့တယ်တဲ့၊ ဒါလေးက နောက်ကလိုက်မှာတဲ့ (တင်ပါဘုရား) ဒါတွေက မချုပ်ဘူးပေါ့လေ (တင်ပါ)။

ငါ့ဟာတွေ ဘယ်မှမသွားဘူးကွ၊ အစ်မတို့လည်း ပြောနေတာပဲ (ပြောတာပဲဘုရား) ဘယ်မှမသွားဘူးတဲ့ စုနေတဲ့ သဘောပြောတာ (တင်ပါ့ဘုရား) ခိုင်တဲ့သဘော (ပြောတာပါဘုရား) မြဲတဲ့သဘော (ပြောတာပါဘုရား) ဩော် ခက်နေပြီကို။

မင်းတို့သေချာ အချိန်ယူပြီး ပြောနေတာက မင်းတို့ အင်မတန်ကြီးကျယ်တဲ့ ပညာရှင်ကြီးတွေကို မရိပ်မိလို့ (တင်ပါဘုရား) ဒီအတိုင်း အကုန်ဖြစ်နေတာ ဒီအတိုင်းကို ဟောတာ

ဟောဘူးလား (ဟောပါတယ်ဘုရား) မင်းတို့နောက်ပါအောင် လို့ကို (တင်ပါဘုရား)။

## ဆောင်ဟောထားတာ

(ကံသာအမိကံသာအဖယူထားတာပါဘုရား) ဘုရားက ဟောတာက ဒီလိုအစ်မရဲ့ ဆောင်ပြီးသကာလ သိဖို့ဟောတာ တစ်မျိုး၊ တိုက်ရိုက်သိဖို့ဟောတာတစ်မျိုး၊ ခုဟာဆောင်ဟော ထားတာ တိုက်ရိုက်ဟောတာမဟုတ်ဘူး (တင်ပါဘုရား) ဆောင်ဟောထားတာ။

အို မင်းတို့သွားလို့ရှိရင်ကွာ ဒီဟာတွေကလည်း ဘယ်ဟာမှ မင်းတို့ကို ပစ်ထားမလဲဆိုတော့ အစ်မဆောင် ဟောတာ (တင်ပါဘုရား) ဆောင်ဟောထားတာ (တင်ပါ) နိတတ္ထဆိုတာ ဒီလိုမယူရဘူးတဲ့ ဒီမှာဖြစ် ဒီနေရာတင်ချုပ်တာ (တင်ပါဘုရား) မလိုက်နိုင်ဘူး၊ လိုက်နိုင်ပါဦးမလား၊ ကိုယ့်ခန္ဓာ ဝိပဿနာရှုတော့ ဘယ်ဟာများ ခိုင်တာမြဲတာပါသေးတုံး (မပါပါဘူးဘုရား)။

## တိုက်ရိုက်ဟောတာ

စေတနာတွေကလည်း သင်္ခါရက္ခန္ဓာ မဟုတ်ဘူးလား (တင်ပါဘုရား) ဒါတွေကော ကြည့်ပြီးတော့ ဘယ့်နှယ့်နေတုံး

(သူတို့လည်း ဒီနေရာတင်ပျက်တာပါဘုရား) ဘယ်မတုံးကွတဲ့ အဲဒါကျတော့ **နိတတ္တ**ဒေသနာတဲ့၊ တိုက်ရိုက်ငါဟောတယ်တဲ့၊ ဒါမလိုက်ဘူးကွတဲ့ (တင်ပါဘုရား) အဲတော့ အခု ဒီလိုခွဲပြီး မဟောတော့ **နိတတ္တ**ဆောင်ပြီးသကာလ ဥပမာ ဥပမေယျနဲ့ သူ့ကံတွေက နောက်ကလိုက်လာတာကိုဆိုတဲ့ ဥစ္စာက သူ ဆောင်ဟောထားတာ (တင်ပါ) သဘောပါပလား (သဘော ပါပါပြီဘုရား)။

## အဟုတ်ယူလိုက်ရင်ဒိဋ္ဌိဖြစ်တယ်

ဆောင်ဟောထားတာ မင်းတို့က အဟုတ်ယူလိုက်ရင် ဘယ့်နှယ်လုပ်မတုံး (မှားပါတယ်ဘုရား) ဒိဋ္ဌိဖြစ်တယ်၊ နောက်က မပျက်စီးဘူး၊ စေတနာတွေ မပျက်စီးဘူး၊ ကံတွေ မပျက်စီးဘူး၊ ဒါကြောင့် နောက်ကလိုက်နေတာ (တင်ပါဘုရား) သဘော ပါပလား (သဘောပါပါပြီဘုရား)။

ဘာတုံး (စေတနာကံတွေဟာ နောက်ကလိုက်တယ်) ဒိဋ္ဌိဖြစ်သွားတယ်၊ အတ္တဒိဋ္ဌိကို သွားဖြစ်တယ်၊ သဿတဒိဋ္ဌိ သွားဖြစ်တယ်၊ ဒီပြင်တရားသာပျက်တယ်၊ ဒီစေတနာ မပျက်ဘူး၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အဲတော့ သဗ္ဗေဆိုတဲ့ အလုံးစုံထဲ သူခြွင်းချက် ကျန်နေ ရစ်တယ် (မှန်ပါ) မကျန်ဘူးလား၊ ကျန်လား (ကျန်ပါတယ် ဘုရား)၊ ကျန်ရင် ဘယ့်နှယ်ဆိုကြမတုံး (မှားပါတယ်ဘုရား)။

အဲတော့ မင်းတို့ကလည်း ငါနဲ့မတွေ့လို့ရှိရင် ဒီအမှားကြီးဟာ မြဲနေတော့မှာပဲ (မြဲပါတယ်ဘုရား) မြဲသွားမှာပဲ၊ အဲတော့ ဒီအမှားကြီးဟာ ဘယ်လောက်များ မြဲနေသတုံးလို့ လူပေါင်းဘယ်လောက်တောင် ဗုဒ္ဓဘာသာမှန်က ဒီလိုနှစ်ခုခွဲ ပေးမယ့်လူမရှိရင်လည်း အကုန်ပဲ (အကုန်လုံးပါဘုရား)။

## တိုက်ရိုက်ယူပစ်လိုက်တယ်

နေယျတ္ထကို ဆောင်ပြီးဟောထားတာ၊ တိုက်ရိုက်ယူပစ်လိုက်တာ၊ ဆောင်ပြီးတော့ ဥပမာကတော့ကွာတဲ့၊ လူသွားတယ်ကွာ အရိပ်ပါတယ်ကွာ၊ ဆိုတော့ ဥပမာသူပြလိုက်တာ (တင်ပါဘုရား) ဆောင်ပြီးတော့ သိလွယ်အောင်လို့ စင်စစ်တော့ မလိုက်ပါဘူးကွ (တင်ပါဘုရား)။

စင်စစ်တော့ သဗ္ဗေဓမ္မာအနတ္တာ၊ ဘယ်နေရာက ပေါ်လာမှန်းမသိဘူး၊ ပျောက်သွားပြီဘယ်ပြေးသွားလည်း မသိဘူး၊ ဒီနေရာပေါ် ဒီနေရာပျောက်သွားတာပဲ (တင်ပါဘုရား) ဘယ်လိုက်နိုင်မတုံး၊ လိုက်နိုင်ပဲ့မလား မင်းတို့ကိုယ် တိုင်ရှုကြည့်တော့ သိတာပဲ (တင်ပါ) ပေါ်ပလား (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အခုယူနေကြတဲ့ အယူက ဘုရားက ပရိယာယ်အားဖြင့် ဆောင်ဟောတာကို၊ ကိုယ်က တကယ်ရှိတယ်လို့

ယူပစ်လိုက်တာ (မှန်ပါ) တကယ်လိုက်တယ်လို့ ယူပစ် လိုက်တာ (တင်ပါဘုရား) ဘုရားက နာလည်မှုကြောင့် ဆောင်ပဟာလိုက်တာ (တင်ပါဘုရား)။

## ခိုင်တယ်မြဲတယ်ယူပစ်လိုက်တယ်

အဲဒါကိုယ်က မယူတတ်တော့ တကယ်ခိုင်တယ်လို့ ယူပစ်လိုက်တယ် နောက်က ကံတွေဟာ (တင်ပါ ယူပါတယ် ဘုရား) (ယူပါတယ်ဘုရား၊ ခိုင်တယ် မြဲတယ်လို့ ယူပါတယ် ဘုရား) ခိုင်တယ်မြဲတယ်လို့ ယူပစ်လိုက်တာ၊ ကဲဒါဖြင့် ဘုရား အာဘော်ကောကျသေးရဲ့လား (မကျပါဘုရား)။

ဘုရားက ဘာတဲ့တုံး သိလွယ်အောင်လို့ ဆောင်ပဟာတယ် (တင်ပါဘုရား) အဲဒါကို ဘယ်လို ယူပစ်လိုက်တုံး (ခိုင်တယ်မြဲတယ်လို့ ယူပစ်လိုက်ပါတယ်) တစ်ခါတည်း တိုက်ရိုက်ယူပစ်လိုက်တယ် (တင်ပါဘုရား)။

တိုက်ရိုက်ယူပစ်လိုက်တော့ ဘယ်တော့မှ မပျက်တဲ့ အဓိပ္ပါယ်ထဲ ရောက်သွားတယ် (တင်ပါဘုရား) ဟုတ်ဘူးလား (တင်ပါဘုရား) အဲတော့ ကံပေါ်မှာ ဘာဒိဋ္ဌိဖြစ်နေတုံးလို့ မေးတော့ ခိုင်တယ် မြဲတယ်ယူလိုက်တော့ သက္ကာယ ဒိဋ္ဌိလည်း ဖြစ်တာပဲ၊ သဿတဒိဋ္ဌိလည်း ဖြစ်တာပဲ (တင်ပါဘုရား)။

## သိလွယ်အောင်ဆောင်ပြောတာ

(နှစ်မျိုးလုံးဖြစ်တာပါဘုရား) အေး-နှစ်မျိုးလုံးဖြစ်တော့တာပေါ့။ မောင်ချစ်ဆွေ ကြောက်စရာကြီးကွ (ကြောက်စရာပါဘုရား) သိလွယ်အောင်လို့ ဆောင်ပြောတာ ကိုယ်က တိုက်ရိုက်ယူပစ်လိုက်တယ် (တင်ပါဘုရား)။

သိလွယ်အောင်လို့ ဆောင်ပြောတာ (တိုက်ရိုက်ယူပစ်လိုက်ပါတယ်ဘုရား) လူသွားရာ အရိပ်ပါတယ်ဆို ဘုန်းကြီး ကပဲ မောင်ချစ်ဆွေ ငါမေးပါတယ်၊ မင်းမိုးအုံ့နေတုန်းသွား တာ အရိပ်ကို မပါဘူး (တင်ပါဘုရား)။

ပါလား (မပါပါဘုရား) မပါဘူး၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)၊ နွားချည်းသွားတော့ လှည်းပါဦးမှာလားကွ၊ ဥပမာ ဆောင်ပဟာတာ (တင်ပါ) အဲဒါ အစ်မတို့က အဟုတ်ကို လိုက်တယ် ယူပစ်လိုက်တာ (တင်ပါဘုရား) မိုးအုံ့တာ မထည့်တော့ဘူး (မှန်ပါတယ်ဘုရား) နွားချည်းသွားတာ မထည့်ဘူး၊ အတော်ရှုးတာကွ၊ အရှုးပြောရတာ အတော်ခက်တယ်နော် (ခက်ပါတယ်ဘုရား)။

(ကပ်တဲ့လူကျတော့ နောက်ကလိုက်လာရင် မချုပ်ဘူးလားလို့ ကပ်မှာသူတို့) မချုပ်ဘူးလားလို့ မေးလိုက်လို့ရှိရင် တော့ သူတို့က ချုပ်တယ်ပဲပြောရမှာပဲ (တင်ပါဘုရား) ပြောလို့ရှိရင် နောက်ကလိုက်တယ်ဆိုတာ လွဲကုန်ပြီ (တင်ပါဘုရား) ဟုတ်ဘူး လား (ဟုတ်ပါတယ်ဘုရား) လွဲကုန်ပြီ (တင်ပါ)။

အဲတော့ သာမညနဲ့ရကို မရဘူး၊ အဲတော့ ခုပြောတဲ့ နှစ်ချက်ကို ခွဲမှတ်မှ (တင်ပါဘုရား) သိလွယ်အောင်ပြောတဲ့ စကားကို၊ တိုက်ရိုက်ယူလိုက်တယ် (တင်ပါဘုရား) ဥပမာကို တကယ်ယူပစ်လိုက်တယ် (တင်ပါဘုရား)။

ဥပမာဆိုတာ ဥပမာပဲ မဟုတ်လား (မှန်ပါဘုရား) တကယ်ယူစရာ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) ဥပမာကို တကယ်ယူပစ်တယ် (တင်ပါဘုရား) အစ်မတို့ နားလည်မှုတော့ ဒါကိုပြောတာ (တင်ပါ)။

ဘုရားဟောတော်မူတာနဲ့တော့၊ ဘုရားကတော့ ငါဆောင်ဟောတာကို ကိုယ်ကတိုက်ရိုက်ယူပစ်တာကွ (တင်ပါ) ပေါ်ပလား (ပေါ်ပါတယ်ဘုရား) အဲဒါကို ရေစက်ချ တော့ကံ-ကံ၏ ဟုတ်ဘူးလား (ဟုတ်ပါဘုရား)။

## သဿတဒိဋ္ဌိဘက်လှည့်တယ်

"ကံ-ကံ၏အကျိုးယုံကြည်ပါ ကုန်သည်ဖြစ်၍" ဟုတ်လား၊ အင်း. . ဒီကံတွေသည်ကားဆိုလို့ ရှိရင်ဖြင့် သွားလေရာကို အရိပ်ပါအောင်လို့၊ နွားသွားလှည်းနောက်က လိုက်သလို ဘယ်တော့မှ မပျက်စီးအောင် မင်းတို့ဟော့ ကံအမိ ကံအဖက နောက်ကလိုက်နေတာကွ (တင်ပါဘုရား)။

မင်းတို့အားကိုးရာ ရှိသေးတယ်၊ သွားပြီပေါ့ (တင်ပါဘုရား) မသွားသေးဘူးလား (သွားပါတယ်ဘုရား) သဿတဒိဋ္ဌိဘက်လှည့်သွားပြီ (တင်ပါဘုရား) မလှည့်ပေဘူးလား (လှည့်ပါတယ်ဘုရား) အဲဒီလို ယူထားရင် ဘယ်တော့မှ နိဗ္ဗာန်မရဘူး (တင်ပါဘုရား)။

## ကမ္မဿကတဉာဏ်အတွက်

ဒါကမ္မဿကတဉာဏ်အတွက် ငါဟောတာကွ (တင်ပါဘုရား) ဝိပဿနာဉာဏ်အတွက် ငါဟောတာမဟုတ်ဘူး (တင်ပါဘုရား) ဒါကြောင့် ကမ္မဿကတဉာဏ်နဲ့ ငါနိဗ္ဗာန်ရောက် လိမ့်မယ်လို့ မဟောဘူး (တင်ပါ) အတော်ခက်တယ် (ခက်ပါတယ်ဘုရား)။

ပုဏ္ဏမသုတ်မှာ လာတာနော် (တင်ပါဘုရား)။ ဒိပြင်နေရာမှာ လာတာမဟုတ်ပါဘူး (တင်ပါဘုရား) ဒီထဲကဘုရားလက်ထက်က ဇွဲဖောက်လို့ အစ်မတို့ အခုဖော်ပြောနေတာ (တင်ပါဘုရား)။

ဘာမှ အားကိုးစရာ မရှိတော့ဘူးတဲ့၊ ဘုရားကအလုံးစုံအနတ္တဆိုရင် ကိုယ်ပြုထားတဲ့ ကံလေးပဲကိုယ်အားကိုးရတော့မှာပဲတဲ့ သူတော့ မပျက်ဘူး (တင်ပါဘုရား)။

ဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီရဟန်းလေး ဝမ်းထဲကို သူကသိတယ်၊ ဩော်-ငါဘုရားဟော တော်မူတဲ့ စကား လွန်ပြီးသကာလ ကြံပြန်ပါပေါ့လား "ကိလေ သာထူပြော တဲ့ ပုဂ္ဂိုလ်ကို" ဘုရားက ညည်းရှာတယ် (တင်ပါဘုရား)။

ဒိဋ္ဌိ ကိလေသာထူပြောတာ ပြောတာနော် (မှန်ပါဘုရား) ကိလေသာ ထူပြောတဲ့ ပုဂ္ဂိုလ်ငါဘုရား၏ စိတ်ကူးပေါ်မှာ၊ ငါဘုရား၏ အသိဉာဏ်ကို သူတို့လွန်ပြီးသကာလ ဖြစ်ချင်သလို ဖြစ်သွားပြီလို့ ဘုရားက ညည်းရှာတယ် (တင်ပါ)။

နောက်ကလိုက်တယ်လို့ ယူနေလို့ (တင်ပါဘုရား) ခက်ဘူးလား (ခက်ပါတယ်ဘုရား) ဘယ်လိုက်လိမ့်မတုံး အစ်မတို့ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ရှင်းလို့လင်းလို့၊ အကုန်ပျောက်ပါတယ်ဆိုကတည်းက ဘယ်ဟာမျှား ကျန်သေးတုံး (မကျန်ပါဘုရား)။

## စေတနာဆိုတာနာမ်တရားပဲ

စေတနာလေးက၊ စေတနာဆိုတာလည်း နာမ်ပဲ ဟုတ်လား (နာမ်ပါဘုရား) သင်္ခါရက္ခန္ဓာ မဟုတ်လားကွ (ဒီနေရာတင်ဖြစ် ဒီနေရာတင်ပျက်) ဒီနေရာတင်ဖြစ် ဒီနေရာ တင်ပျက် မလိုက်နိုင်ဘူး၊ သဘောကျပလား (တင်ပါ)။

ဒါဖြင့်ဘုရားတဲ့ နိဗ္ဗာန်မရတဲ့ ပုဂ္ဂိုလ်များ၊ အရှင်ဘုရား

ရှင်းပြီးတော့ ပြောပါဦး၊ နို့မဟုတ်ရင် တပည့်တော်တို့မှာ တော်တော်ခက်နေပြီ၊ မလိုက်ဘူးဆိုတဲ့လူလည်း ဒီလူဟာတဲ့ အစ်မက ဒီနေရာမှာ၊ မောင်ချစ်ဆွေက ဒီနေရာမှာ ရုပ်နာမ်နဲ့ အလုပ်လုပ်လိုက်တယ်နော် (လုပ်ပါတယ်ဘုရား)။

## သတ္တိကိုဆိုတာလား

ရုပ်နာမ်နဲ့ အလှူပေးလိုက်ပြန်ပြီကွ (တင်ပါ) ဟိုမှာ နတ်ရုပ်နာမ်အလားတူ ပေါ်ပါတယ် (တင်ပါဘုရား) ဒီက ရုပ်နာမ်တော့ မလိုက်ဘူး (သတ္တိကိုဆိုတာလားဘုရား) သတ္တိ ကိုလည်း မဆိုဘူး၊ အလားတူပေါ်လာတာ၊ အတူပေါ်တာ (တင်ပါဘုရား)။

## အလားတူပေါ်တာ

ဒီကပြုသလို ဟိုမှာ အတူပေါ်တာ (တင်ပါဘုရား) လိုက်ရင် သက်သက်ကံပေါ်မယ်။ သဘောပါပလား (သဘော ပါပါပြီဘုရား) အကျိုးမပေးဘူးလား ပေးသလား? ပေးတယ်။

လိုက်လို့ပေးတာလား (မလိုက်ပါဘူး) အတူပေါ်တာ (တင်ပါဘုရား) ဒီမှာ ရွှေလှူလို့ ရွှေအကျိုးပေးတယ်၊ ရွှေထုပ်ကြီးဖြစ်လာတာ ဟုတ်ဘူးလား (တင်ပါ) ဒီမှာငွေလှူလို့ ဟိုမှာငွေထုပ်ကြီးဖြစ်လာတယ်၊ ဒီမှာ ပဒေသာပင်သီးလှူလို့ ဟိုမှာ

ပဒေသာပင်ပေါ်တယ် (မှန်ပါ) အလားတူ ပေါ်တာကို ဆိုတာ (တင်ပါဘုရား)။

ရှင်းပလား (ရှင်းပါပြီဘုရား) အဲတော့ ပါဠိတော်က ဘယ့်နှယ်ရှိတုံးဆိုတော့ "အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာမဇ္ဈာ ပဋ္ဌာနပစ္စယော" အနန္တရနိရုဒ္ဓါ = အခြားမရှိချုပ်လေပြီးသောကို သူကတည့်ထားတာ၊ ချုပ်သွားပြီကွတဲ့

## အတူပေါ်တာ

ပဋ္ဌာနပစ္စယော-တဲ့ အတူဖြစ်၍ ပေါ်ကုန်သောတဲ့ ဟိုဘက်အတူပေါ်တာတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

ချုပ်ပြီးတော့ ဘာတုံး (အတူပေါ်တာပါဘုရား) အတူပေါ်တာဖြင့် လိုက်တာဟုတ်ရဲ့လား (မဟုတ်ပါဘူး) လိုက်ရင် ဘာဒိဋ္ဌိတုံး (သဿတဒိဋ္ဌိပါဘုရား) ပေါ်ပလား အဖြေထွက်ပလား (အဖြေထွက်ပါပြီဘုရား)။

ဒါသေသေချာချာ နာကြည့်မှ ဒိဋ္ဌိစွာက၊ သို့မဟုတ် မင်းတို့သူတစ်ပါးလည်း မင်းတို့ရှင်းအောင် ပြောနိုင်မယ့် အခိပ္ပါယ်မလွယ်ဘူး (မလွယ်ပါဘုရား) ကိုယ်ကိုတိုင်လည်း မင်းတို့ဒီအယူကြီးက ငါနဲ့ မတွေ့ရင် မပယ်ဘူး (မှန်ပါဘုရား မပယ်ပါဘူးဘုရား) လိုက်တယ် ယူနေတာပဲ (တင်ပါဘုရား) ဟုတ်ဘူးလား (မှန်ပါတယ်ဘုရာ)။

## လိုက်တယ်ယူရင်သဿတဒိဋ္ဌိ

လိုက်တယ်လို့ ယူနေရင် သဿတဘက်ပါနေမှာပဲ (တင်ပါ) မပါဘူးလား (ပါပါတယ်ဘုရား) လိုက်တယ်ဆိုတာက မပျက်စီးဘူးဆိုတာပဲ၊ မပျက်စီးဘူးဆိုတာ သဿတပဲ (တင်ပါ) ပေါ်ပလား (ပေါ်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညည်းတော်မူတယ်တဲ့၊ ဩော်-ကိလေသာ ထူပြော၊ အဝိဇ္ဇာပေါတဲ့ပုဂ္ဂိုလ်ဟာ ငါဘုရား ဟောထားတာက အလုံးစုံ အနတ္တကို သူက ဒီရဟန်းက အတ္တအဖြစ်ယူထားပြီကွ (တင်ပါဘုရား) ကဲ-သဘောပါပလား (သဘောပါပါပြီဘုရား) ဒါကြောင့် လွဲကုန်ပြီဆိုတဲ့ အဓိပ္ပါယ် ဘုရားက ဟောရှာတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

**ကဲနက်ဖြန်မှ ဒီတရားသိမ်းမယ်။**

**သာဓု. . . သာဓု. . . သာဓု. . . ။**